# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ **ကောဓဝဂ်(ဓမ္မပဒ -၂၂၃)**


၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက် တနင်္လာနေ့။ Monday, 9 March 2026 ၁၂၁၁၆


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ရေတပ်သင်္ဘောကျင်း၌ာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်းဖွင့်ပွဲနှင့် တပ်မတော်(ရေ)စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနား ကျင်းပ

## စစ်ရေယာဉ်များအား ကိုယ်တိုင်တည်ဆောက် တပ်တော်ဝင်နိုင်ခဲ့ခြင်းကြောင့် တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်နိုင်မှုကို အထောက်အကူများစွာဖြစ်စေနိုင်

**နေပြည်တော် မတ် ၈**

တပ်မတော်(ရေ)မှ ရေတပ်သင်္ဘောကျင်း၌ာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်း ဖွင့်ပွဲအခမ်းအနား၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး ရေယာဉ်များ၏ ရေခါင်းမင်္ဂလာအခမ်းအနားနှင့် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ် ရေတပ်သင်္ဘောကျင်း၌ာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်းတည်ဆောက်ရေးအလုပ်ရုံနှင့် ရေတပ်ဆိပ်ခံတံတားတို့၌ ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါအခမ်းအနားများသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်၌ာနချုပ် တိုင်းမှူး၊ ရေတပ်ကွပ်ကဲမှု ၌ာနချုပ်မှူးများ၊ ရေတပ်စခန်း၌ာနချုပ်မှူးများ၊ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်တော်ဝင် ဖရီဂိတ် စစ်ရေယာဉ်ကြီး စစ်ရေယာဉ်(သာလွန်မင်း)အား လှည့်လည်ကြည့်ရှုစဉ်။


ယနေ့ ဖတ်စရာ

လောင်စာဆီချွေတာရေး "စုံ"ရက်၊ "မ"ရက် ယာဉ်အသုံးပြုစီမံချက် ပူးပေါင်းပါဝင်ဆောင်ရွက် ဆောင်းပါး စာမျက်နှာ » ၇

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနား ကျင်းပ စာမျက်နှာ » ၁၀

ပြည်သူ့ကိုယ်စားလှယ်များ ဆောင်းပါး စာမျက်နှာ » ၁၁

၂၀၂၆ ခုနှစ် မတ်လ ၆ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက် စာမျက်နှာ » ၁၄

ကြေးမုံ

# စေတနာ၊ ဝါသနာ၊ အနစ်နာဖြင့် နွေးထွေးကြင်နာပြုစုစောင့်ရှောက်

လူ့ဘဝတွင် ကျန်းမာမှသာ မိမိတို့ဆန္ဒရှိသမျှကို ဖြောင့်တန်းစွာလုပ်ကိုင်နိုင်မည်ဖြစ်သည်။ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်သည်။ ကျန်းမာရေးသည် ဘဝရှင်သန်ရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံး အုတ်မြစ်ပင်ဖြစ်သည်။ ပြည်သူများ ကျန်းမာသန်စွမ်းကြမှသာ နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအား၊ လူမှုဘဝတည်ငြိမ်ရေးနှင့် အနာဂတ်မျိုးဆက်သစ်များ၏ ဘဝတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ကျန်းမာသောဘဝကို ပိုင်ဆိုင်နိုင်ရန်အတွက် လူတစ်ဦးချင်းအနေဖြင့် မိမိကိုယ်မိမိ ကျန်းမာအောင် အထူးဂရုစိုက်ဆောင်ရွက်ကြရန်လိုအပ်သလို မကျန်းမာရောဂါဖြစ်ပွားလာပါက ပြုစုကုသစောင့်ရှောက်ရေးကို နိုင်ငံတော်က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်အစိုးရက နိုင်ငံကိုတာဝန်ယူခဲ့သည့် ကာလတစ်လျှောက် နိုင်ငံအနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်များ ခိုင်မာစေရန် ဦးတည်ချက်များချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် “နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး” ကို ချမှတ်ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ သက်တမ်းစေ့နေနိုင်ရေး၊ ရောဂါဘယကင်းရှင်းရေးနှင့် ကျန်းမာကြံ့ခိုင်ရေးတို့ကို ရည်မှန်းထားသည့်အတိုင်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ ငါးနှစ်တာကာလအတွင်း ပြည်သူ့ဆေးရုံ ၂၅ ရုံကို အဆင့်မြှင့်တင်ပေးနိုင်ခဲ့ပြီး မြို့ပြနှင့် ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှု ကွာဟချက်မရှိစေရန်၊ တန်းတူညီမျှရရှိစေရန်အတွက် (၁၆)ခုတင်ဆံ့ ဆေးရုံ ၁၂ ရုံကို အသစ်တိုးချဲ့တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။ ဆေးရုံများတွင် ရှိသင့်ရှိထိုက်သည့် အရည်အသွေးမြင့် အဆောက်အအုံသစ် ၄၁ ခုနှင့် ဝန်ထမ်းအိမ်ရာများကို တည်ဆောက်ပေးခဲ့ပြီး ကျန်းမာရေးကဏ္ဍကိုလည်း အလေးထားမြှင့်တင်ဆောင်ရွက်ပေးခဲ့သည်။

“ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်” ဆိုသည့် မူဝါဒကို ချမှတ်ပြီး ငါးနှစ်တာကာလအတွင်း ပြည်သူ့ဆေးရုံတိုင်းအတွက် သစ်လွင်ဆရာဝန် ၂၆၄၉ ဦးအပါအဝင် သွားနှင့်ခံတွင်းဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ကျွမ်းကျင်ဝန်ထမ်းများနှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးနိုင်ခဲ့သည်။ ထို့အပြင် ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်နိုင်ရန် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများ တက်ရောက်ခွင့်ကို စီစဉ်ပေးလျက်ရှိသကဲ့သို့ သူနာပြုများ၏ ရာထူးအဆင့်မြှင့်တင်ခြင်းနှင့် သူနာပြုသင်တန်းကျောင်းများကို သူနာပြုသိပ္ပံကျောင်းများအဖြစ် အဆင့်မြှင့်တင်ပေးခဲ့သည်။

ယခုအခါ ကမ္ဘာပေါ်၌ မကူးစက်နိုင်သည့်ရောဂါများ ဖြစ်ပွားနှုန်း သိသိသာသာမြင့်မားလာနေရာ အဆိုပါရောဂါများတွင် ကင်ဆာရောဂါသည် ကျန်းမာရေးကဏ္ဍအတွက် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးတွင် ကင်ဆာလူနာသစ် သန်း ၂၀ ခန့်ရှိပြီး ယင်းတို့တွင် ၉ ဒသမ ၆ သန်းခန့် သေဆုံးခဲ့သည်ဟု သိရသည်။ မြန်မာနိုင်ငံတွင်လည်း အသက် ၇၅ နှစ်မတိုင်မီ ကင်ဆာဖြစ်ပွားနိုင်ခြေ ၁၃ ဒသမ ၉ ရာခိုင်နှုန်းရှိနိုင်သည်ဟု ခန့်မှန်းထားသည့်အတွက် ကင်ဆာရောဂါ ကာကွယ်ထိန်းချုပ်ရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အရေးကြီးလာသည်။

ကင်ဆာရောဂါကြောင့် သေဆုံးမှုနှုန်း လျှော့ချရန်နှင့် ရောဂါဖြစ်ပွားမှုကို စောစီးစွာ သိရှိ ကုသမှုခံယူနိုင်ရန်အတွက် မြန်မာနိုင်ငံတွင် “ကင်ဆာရောဂါထိန်းချုပ်ရေး အမျိုးသားမဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)”ကို ရေးဆွဲပြီး ကင်ဆာရောဂါကာကွယ်ရေးနှင့်ကုသရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၀ ခုနှစ် နောက်ပိုင်းတွင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ရှိ ဆေးရုံကြီးများတွင် ဓာတ်ရောင်ခြည် ကုသစက်အသစ် ခုနစ်လုံး တပ်ဆင်ပေးနိုင်ခဲ့သည်။ ပြည်သူ့ဆေးရုံကြီးများနှင့် တပ်မတော်ဆေးရုံကြီးများတွင် ဓာတ်ရောင်ခြည်စင်တာ၊ ဓာတ်ရောင်ခြည် စက်များအသုံးပြုကုသပေးနိုင်ပြီဖြစ်သည်။ ပုဂ္ဂလိကဆေးရုံများ၌လည်း အလားတူဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၆ ခုနှစ် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် မတ် ၇ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် အမျိုးသားကင်ဆာကုသရေးဗဟိုဌာနကို ဖွင့်လှစ်ခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး ကင်ဆာဝေဒနာရှင်များသည် မိမိတို့ခံစားနေရသည့် ဝေဒနာနှင့်ပတ်သက်ပြီး စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများရှိနိုင်သည့်အတွက် ကျန်းမာရေးဝန်ထမ်းများတွင်ရှိပြီးဖြစ်သည့် “စေတနာ၊ ဝါသနာ၊ အနစ်နာ” ဆိုသည့် နာသုံးနာကိုအရင်းခံပြီး လူနာများအပေါ် မိသားစုစိတ်ဓာတ်ဖြင့် မေတ္တာထားကာ နွေးထွေးကြင်နာစွာ ပြုစုစောင့်ရှောက်ပေးကြရန် မှာကြားချက်နှင့်အညီ ပြည်သူများ၏ ကျန်းမာရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

( ခ ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

( ဂ ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်ရာတွင် ဒို့တာဝန် အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာ အသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

## ၈ - ၃ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၉၀၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြောင်းလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့မည့်လုပ်ငန်းရှင်များ လွယ်ကူချောမွေ့စွာ ပြောင်းတင်ပို့နိုင်ရေးရည်ရွယ်၍ မြန်မာ-ထိုင်း နှစ်နိုင်ငံအစိုးရချင်း အသိအမှတ်ပြုမည့် **“မီးခိုးမြူကင်းစင်ကြောင်းထောက်ခံချက်ထုတ်ပေးရေးလုပ်ငန်းမှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ-ပုဂ္ဂလိကလုပ်ငန်းအဖွဲ့”** ကို ဖွဲ့စည်းဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းအဖွဲ့အနေဖြင့် ထိုင်းနိုင်ငံသို့ တင်ပို့မည့် ပြောင်းများအတွက် မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်အား (၃-၃-၂၀၂၆) ရက်နေ့မှစတင်၍ စိစစ်ခွင့်ပြုထုတ်ပေးလျက်ရှိပါကြောင်းနှင့် ထောက်ခံချက်ထုတ်ပေးခြင်းနှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| ဆက်သွယ်ရမည့်ပုဂ္ဂိုလ် | ဖုန်းနံပါတ်များ |
|---|---|
| (က) ဒေါ်နီလာစိုး၊ လက်ထောက်အတွင်းဝန် (ပြည်ထောင်စုဝန်ကြီးရုံး) | ၀၉ ၅၀၇၀၇၉၂၊ ၀၆၇ ၃၄၀၈၂၄၇ |
| ( ခ ) ဒေါ်ချိုသက်မူ၊ ညွှန်ကြားရေးမှူး (ကုန်သွယ်ရေးဦးစီးဌာန) | ၀၉ ၅၀၇၀၇၀၈၊ ၀၆၇ ၃၄၀၈၃၁၉ |

**မီးခိုးမြူကင်းစင်ကြောင်းထောက်ခံချက်ထုတ်ပေးရေးလုပ်ငန်း**
**မှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ-ပုဂ္ဂလိကလုပ်ငန်းအဖွဲ့**

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း၊
(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်ခြင်း၊
(ဂ) မြေဆီလွှာဇီဝဓာတ်ခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်းလျော့နည်းခြင်း၊
(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| စာတည်းမှူး | - အေဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| စာတည်းများ | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | သုတေသန | - ဇင်မာဝင့် |
| | | စာပြင် | - ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် | - အောင်ကျော်ကျော်၊ စိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - နီလာစိုးနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွှန်းကျင်းကမ္ပည်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

☆ ရှေ့ဖုံးမှ

## ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွှန်းကျင်း ဖွင့်ပွဲအခမ်းအနား

ဦးစွာ ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွှန်းကျင်းသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရောက်ရှိလာရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် တပ်မတော်(ရေ)မှအရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တာဝန်ရှိသူများက ရေတပ်သင်္ဘောကျင်း ဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွှန်းကျင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တန် ၄၀၀၀၀ ရေလုံလွှန်းကျင်းကမ္ပည်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တန် ၄၀၀၀၀ ရေလုံလွှန်းကျင်း ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွှန်းကျင်းဖွင့်ပွဲနှင့် ရေငုပ်သင်္ဘောတိုက်ဖျက်ရေးရေယာဉ်များ၏ ရေချခင်းမင်္ဂလာအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများနှင့် အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေလုံလွှန်းကျင်း အုပ်ချုပ်မှုအဆောက်အအုံကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့ကြပြီး Shipyard Management Software ခန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။



ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွှန်းကျင်းအား တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို တည်ဆောက်ရေးအလုပ်ရုံ၌ ဆက်လက်ကျင်းပပြုလုပ်ပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့သည် တပ်မတော်(ရေ) အတွက်သာမက မြန်မာနိုင်ငံတွင်ပါ စွမ်းဆောင်ရည်အရလည်းကောင်း၊ အရွယ်အစားအရလည်းကောင်း အကြီးမားဆုံးဖြစ်လာမည့် ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွှန်းကျင်းကြီးကို အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သကဲ့သို့ ယခုဖွင့်လှစ်သည့် တန် ၄၀၀၀၀ ရေလုံလွှန်းကျင်းတွင် ပထမဆုံး စတင်တည်ဆောက်မည့် စစ်ရေယာဉ်များ၏ရေချခင်းမင်္ဂလာအခမ်းအနားအပါအဝင် တပ်မတော်(ရေ)တွင် တည်ဆောက်ခဲ့သည့် ဖရီဂိတ်စစ်ရေယာဉ် (သာလွန်မင်း)နှင့် မြစ်တွင်းသွား ဘက်စုံသုံးစစ်ရေယာဉ်များကို လည်း တပ်တော်ဝင်နိုင်မည် ဖြစ်ခြင်းကြောင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် ဂုဏ်ယူစရာကောင်းပြီး အားသစ်လောင်းသည့် နေ့တစ်နေ့ပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ရေကြောင်းအကျိုးစီးပွားများသည် ပိုင်နက်ပင်လယ်အတွင်းသာမကဘဲ သီးသန့်စီးပွားရေးဇုန်ဖြစ်သည့် ကမ်းလွန်ပင်လယ်ပြင်အထိ ကျယ်ပြန့်စွာတည်ရှိနေသကဲ့သို့ မြန်မာ့ပင်လယ်ပြင်သည်လည်း ကမ္ဘာ့ကုန်သွယ်ရေကြောင်း ရေယာဉ်ကြီးများ ဖြတ်သန်းသွားလာနေသည့် အဓိကရေလမ်းကြောင်းများ အနက်တစ်ခုအပါအဝင်ဖြစ်ခြင်း၊ ကမ္ဘာ့ကုန်သွယ် ရေယာဉ်ကြီးများ ဝင်ထွက် ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းကောင်းများနှင့် ရေနက်ဆိပ်ကမ်းများ ရှိခြင်းတို့ကြောင့် နိုင်ငံတော်၏ ရေကြောင်းအကျိုးစီးပွားအတွက် အလွန်အရေးပါလျက်ရှိသည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ☆





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေငုပ်သင်္ဘောတိုက်ဖျက်ရေးရေယာဉ်များ၏ ရောနှင့် Frame တို့အား စက်ခလုတ်နှိပ် ဂဟေတွဲဆက်၍ ရေယာဉ်တည်ဆောက်မှုလုပ်ငန်းအား စတင်ပေးစဉ်။

☆ စာမျက်နှာ ၃ မှ

ထို့ကြောင့် ရေကြောင်းအကျိုးစီးပွားများဖြစ်သည့် ပင်လယ်ပြင်မှ စွမ်းအင်အကျိုးစီးပွားများ၊ ငါးသယံဇာတများ၊ ပင်လယ်ပြင်ဆက်သွယ်ရေး လမ်းကြောင်းကြီးများ၊ ရေကြောင်းကုန်သွယ်မှုများနှင့် ရေနက် ဆိပ်ကမ်းကြီးများအား အမျိုးသားအကျိုးစီးပွားအတွက် ထိရောက်စွာ အသုံးချနိုင်စေရန် စွမ်းရည်ထက်မြက်၍ အင်အားတောင့်တင်းသော ရေတပ်ထူထောင်ထားရှိရန် လိုအပ်မည်ဖြစ်ကြောင်း။

ထို့ကြောင့်အနာဂတ်တပ်မတော်(ရေ)အတွက် လိုအပ်သည့် စစ်ရေယာဉ်များ ကိုယ်တိုင်တည်ဆောက်/ပြုပြင်နိုင်ရန်အပြင် နိုင်ငံတော်၏ အကျိုးစီးပွားကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် အတွက် အရပ်ဘက်ကုန်တင်ရေယာဉ်ကြီးများ တည်ဆောက်/ပြုပြင်နိုင်သည်အထိ ရည်သန်၍ ရေလုံလွှန်းကျင်းကြီး တည်ဆောက်နိုင်ရေးကို စဉ်းစားသုံးသပ်ပြီး ၂၀၁၈ ခုနှစ်မှစပြီး စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

တပ်မတော်(ရေ)အနေဖြင့် ရေယာဉ် တည်ဆောက်ရေးကဏ္ဍကို ကြည့်မည်ဆိုပါက အရွယ်အစားကြီးမားသည့် ဖရီဂိတ်စစ်ရေယာဉ်ကြီးများကို ပြည်တွင်း၌ပင် ကိုယ်တိုင်တည်ဆောက် တပ်တော်ဝင်နိုင်ခဲ့ခြင်းကြောင့် တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နိုင်မှုကို အထောက်အကူများစွာဖြစ်စေခဲ့သည့်အပြင် မြန်မာ့ရေပြင်ပိုင်နက်စိုးမိုးလုံခြုံရေးကိုလည်း ပိုမိုခိုင်မာကောင်းမွန်စေခဲ့ကြောင်း။

**❖ တပ်မတော်(ရေ)အနေဖြင့် ရေယာဉ်တည်ဆောက်ရေးကဏ္ဍကို ကြည့်မည်ဆိုပါက အရွယ်အစားကြီးမားသည့် ဖရီဂိတ်စစ်ရေယာဉ်ကြီးများကို ပြည်တွင်း၌ပင် ကိုယ်တိုင် တည်ဆောက် တပ်တော်ဝင်နိုင်ခဲ့ခြင်းကြောင့် တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နိုင်မှုကို အထောက်အကူများစွာဖြစ်စေခဲ့သည့် အပြင် မြန်မာ့ရေပြင်ပိုင်နက် စိုးမိုးလုံခြုံရေးကိုလည်း ပိုမိုခိုင်မာကောင်းမွန်စေခဲ့**

**❖ တပ်မတော်(ရေ) အနေဖြင့် ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများကို ၁၉၆၀ ပြည့်နှစ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် တည်ဆောက်ရေး အတွေ့အကြုံကောင်းများ ရှိပြီးဖြစ်သော်လည်း ယနေ့ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်နေသည့် ရေယာဉ်တည်ဆောက်ရေးနည်းစနစ်များကိုလည်း မျက်ခြည်မပြတ် လေ့လာသင်ယူပြီး အသုံးချနိုင်ရေး တစိုက်မတ်မတ် ကြိုးစားအားထုတ်သွားရမည်**

ယနေ့ ရောခင်းမင်္ဂလာအခမ်းအနားပြုလုပ်မည့် စစ်ရေယာဉ်များသည် ယခု တန် ၄၀၀၀၀ ရေလုံလွှန်းကျင်းတွင် စတင်တည်ဆောက်မည့် စစ်ရေယာဉ်များဖြစ်ပြီး အဆိုပါရေယာဉ်များ တည်ဆောက်နိုင်ခြင်းဖြင့် မြန်မာ့ပင်လယ်ပြင်အတွင်း ကာကွယ်ရေးစွမ်းဆောင်ရည်များ တိုးတက်မြင့်မားလာစေမည်ဖြစ်ကြောင်း၊ တပ်မတော်(ရေ)အနေဖြင့် ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများကို ၁၉၆၀ ပြည့်နှစ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် တည်ဆောက်ရေး အတွေ့အကြုံကောင်းများ ရှိပြီးဖြစ်သော်လည်း ယနေ့ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်နေသည့် ရေယာဉ်တည်ဆောက်ရေး နည်းစနစ်များကိုလည်း မျက်ခြည်မပြတ်လေ့လာသင်ယူပြီး အသုံးချနိုင်ရေး တစိုက်မတ်မတ်ကြိုးစားအားထုတ်သွားရမည်ဖြစ်ကြောင်း။

ရေလုံလွှန်းကျင်းကြီးသည် နိုင်ငံတကာအဆင့်မီ သင်္ဘောကျင်းကြီးဖြစ်သည့်အတွက် ရေလုံလွှန်းကျင်းနှင့် ရေလုံလွှန်းကျင်းတွင်ပါသည့် စက်ပစ္စည်း ကိရိယာများကို သက်တမ်းပြည့် စွမ်းအားပြည့် စနစ်တကျ အသုံးပြုနိုင်ရေး ဆောင်ရွက်သွားကြရန်၊ ရင်းနှီးမြှုပ်နှံမှုမှ ဝင်ငွေပြန်လည်ရရှိနိုင်ရေးအတွက် ပြည်တွင်းပြည်ပကုန်သွယ်ရေကြောင်း ရေယာဉ်ကြီးများ တည်ဆောက်ပြုပြင်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ရေယာဉ်ဗိသုကာနှင့် ရေယာဉ်တည်ဆောက်ရေး လုပ်ငန်းများ၊ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုး တိုးတက်ရေးကိုလည်း တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ပခုံးပြောင်း တာဝန် ထမ်းဆောင်ကြမည့် တပ်မတော်(ရေ) မျိုးဆက်သစ်အရာရှိ၊ စစ်သည်များကိုလည်း ကောင်းမွန်သည့် အစဉ်အလာကောင်းများ လက်ဆင့်ကမ်းပေးသွားရန်၊ မြန်မာ့ပင်လယ်ပြင်နှင့် ပင်လယ်ပြင်အကျိုးစီးပွားများကို ကာကွယ်ရေးအတွက် ပေးအပ်သည့်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ရင်း တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာများကို အသက်နှင့်ထပ်တူ ထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ရေလုံလွှန်းကျင်းတည်ဆောက်ခဲ့မှု မှတ်တမ်းဗီဒီယိုအား ကြည့်ရှုကြသည်။

ဆက်လက်၍ ရေတပ်သင်္ဘောကျင်းဌာနချုပ်၊ ရေလုံလွှန်းကျင်းတည်ဆောက်ရေး တာဝန်ယူဆောင်ရွက်ခဲ့သည့် ကုမ္ပဏီဥက္ကဋ္ဌက ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူးထံ စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)က ရေလုံလွှန်းကျင်းဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုသစ်သီးခြင်းကို ပေးအပ်ရာ ရေလုံလွှန်းကျင်းတည်ဆောက်ရေး တာဝန်ယူဆောင်ရွက်ခဲ့သည့် ကုမ္ပဏီဥက္ကဋ္ဌက လက်ခံရယူသည်။

### ရေငုပ်သင်္ဘော တိုက်ဖျက်ရေးရေယာဉ်များ၏ ရောခင်းမင်္ဂလာအခမ်းအနား

ဆက်လက်၍ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး ရေယာဉ်များ၏ ရောခင်း မင်္ဂလာအခမ်းအနားကျင်းပပြုလုပ်ရာ စစ်ရေယာဉ်များ တည်ဆောက်ခြင်းနှင့် ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေငုပ်သင်္ဘော တိုက်ဖျက်ရေးရေယာဉ်များ၏ ရောနှင့် Frame တို့အား စက်ခလုတ်နှိပ် ဂဟေတွဲဆက်၍ ရေယာဉ်တည်ဆောက်မှု လုပ်ငန်းအား စတင်ပေးခဲ့ပြီး ရောခင်းမင်္ဂလာကြေးပြားများနှင့် ကိုယ်ထည် အစိတ်အပိုင်းများအား မင်္ဂလာအမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

စာမျက်နှာ ၅ သို့ ☆





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေတပ်သင်္ဘောကျင်းဌာနချုပ် ရေလုံလွှန်းကျင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ)က စစ်ရေယာဉ်များ တပ်တော်ဝင် အခမ်းအနား အထိမ်းအမှတ် စစ်ရေယာဉ်ပုံစံငယ်များအား ဂါရဝပြုပေးအပ်စဉ်။

☆ စာမျက်နှာ ၄ မှ

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည်ရေယာဉ်တည်ဆောက်မှုလုပ်ငန်းစဉ် အဆင့်ဆင့်၊ တည်ဆောက်ခဲ့မှု ဓာတ်ပုံပြခန်းနှင့် ရေလုံလွှန်းကျင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ရေတပ်သင်္ဘောကျင်းဌာနချုပ်၏ သင်္ဘောကျင်းစီမံကိန်းကို အဆင့်သုံးဆင့်ဖြင့် စတင်တည်ဆောက်ခဲ့ပြီး ပထမအဆင့်စီမံကိန်းအား ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ လည်းကောင်း၊ ဒုတိယအဆင့်စီမံကိန်းအား ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ လည်းကောင်း အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီး စစ်ရေယာဉ်များ၊ ဌာနဆိုင်ရာပုဂ္ဂလိကရေယာဉ်များအား တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည်။ တတိယအဆင့် စီမံကိန်းအား ၂၀၁၉ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် တတိယအဆင့် စီမံကိန်းတည်ဆောက်မှုအား အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

ရေတပ်သင်္ဘောကျင်းဌာနချုပ်ရေလုံလွှန်းကျင်းတွင် အရွယ်အစားကြီးမားသော စစ်ရေယာဉ်ကြီးများ၊ ကုန်သွယ်ရေယာဉ်များ တည်ဆောက်ခြင်း (သို့မဟုတ်) လွှန်းတင် ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် နိုင်ငံ့ရေကြောင်းအကျိုးစီးပွားနှင့် နိုင်ငံ့ရေကြောင်းစွမ်းအားတို့ကို ပိုမိုမြင့်တင်ဆောင်ရွက်လာနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနား**

ဆက်လက်၍ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားကို ရန်ကုန်မြို့ရှိ ရေတပ်ဆိပ်ခံတံတား၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင် အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များနှင့် ဇနီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ ရေတပ်စခန်းဌာနချုပ်မှူးများ၊ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းက စစ်ရေယာဉ်များ တပ်တော်ဝင် အခမ်းအနားနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူးက ရေယာဉ်စုမှူးထံသို့ တပ်တော်ဝင် စစ်ရေယာဉ်များနှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်တော်ဝင်အခမ်းအနား အထိမ်းအမှတ် စစ်ရေယာဉ်ပုံစံငယ်များအား ဂါရဝပြုပေးအပ်သည်။ ထို့နောက် စစ်ရေယာဉ်များ တပ်တော်ဝင် ဆောင်ရွက်နိုင်ရန်အတွက် တပ်တော်ဝင်တံခွန်အလံများအား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကာကွယ်ရေးဦးစီးချုပ်(ရေ)ထံ လွှဲပြောင်းပေးအပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)က လက်ခံရယူပြီး သက်ဆိုင်ရာ စစ်ရေယာဉ်မှူးများထံ ဆက်လက်လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေးက တပ်တော်ဝင် စစ်ရေယာဉ်များအဖြစ် ကြေညာခြင်း၊ နိုင်ငံတော်အလံလွှင့်တင်ခြင်း၊ တပ်မတော်(ရေ)အလံ လွှင့်တင်ခြင်း၊ တပ်တော်ဝင်အလံလွှင့်တင်ခြင်း၊ ခေါင်းလောင်း ရှစ်ချက်တီးခြင်းနှင့် တပ်တော်ဝင်လုပ်ငန်းစဉ်များအား အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင် စစ်ရေယာဉ်များဖြစ်သော ဖရီဂိတ်စစ်ရေယာဉ်ကြီး စစ်ရေယာဉ်(သာလွန်မင်း)အား လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် စစ်ရေယာဉ်(မုတ္တမ)ပေါ်သို့ရောက်ရှိပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် အလေးပြုခံစင်မြင့်မှနေ၍ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူနေစဉ် စစ်ရေယာဉ်(ရန်တိုင်းအောင်)နှင့် စစ်ရေယာဉ်(ရန်ကြီးအောင်)တို့က အမြောက် ၂၁ ချက် ပစ်ဖောက်ပြီး နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား ဂုဏ်ပြုအလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)က အမြောက်ပစ်ဖောက်ဂုဏ်ပြုအလေးပြုပစ်ခတ်ထားသည့် ပထမဆုံး အမြောက်ကျည်ဆန်ခွံအား အထိမ်းအမှတ်လက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်တော်ဝင် စစ်ရေယာဉ်များ တည်ဆောက်ခဲ့ချိန်တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အရာရှိ စစ်သည်များအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အထိမ်းအမှတ်တံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာတို့ကိုပေးအပ်ရာ တာဝန်ရှိသူအသီးသီးက လက်ခံရယူခဲ့ကြသည်။

ယနေ့ တပ်မတော်(ရေ)စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားတွင် တပ်တော်ဝင်ခဲ့သည့် ဖရီဂိတ်စစ်ရေယာဉ်ကြီး စစ်ရေယာဉ်(သာလွန်မင်း)သည် တပ်မတော်(ရေ) ရေယာဉ်တည်ဆောက်မှုသမိုင်း၌ အရွယ်အစားအားဖြင့် အကြီးမားဆုံး ကိုယ်တိုင်တည်ဆောက် တပ်တော်ဝင်နိုင်ခဲ့သည့် စစ်ရေယာဉ်ဖြစ်ကြောင်း၊ အချိန်ကာလ တစ်လကျော်၊ စုစုပေါင်း ခုတ်မောင်းချိန် နာရီ ၂၇၀ ကျော်၊ ခရီးအကွာအဝေး ရေမိုင် ၃၅၀၀ ခန့် ခရီးရှည်စမ်းသပ်မောင်းနှင်ခဲ့ပြီး စမ်းသပ်မောင်းနှင်သည့် ခရီးစဉ်အတွင်း စံချိန်စံညွှန်း ပြည့်မီမှုဆိုင်ရာ စမ်းသပ်မောင်းနှင်ခြင်းများ၊ ရေယာဉ်၌ တပ်ဆင်ထားသည့် ကိရိယာများအလိုက် သတ်မှတ် စံချိန်စံညွှန်းများအတိုင်း အသုံးပြုနိုင်မှုအား စမ်းသပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ယနေ့တွင် တပ်တော်ဝင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ စစ်ရေယာဉ်များအား ကိုယ်တိုင်တည်ဆောက် တပ်တော်ဝင်နိုင်ခဲ့ခြင်းကြောင့် တပ်မတော်၏နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နိုင်မှုကို အထောက်အကူများစွာဖြစ်စေနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**☆ တပ်မတော်(ရေ) စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားတွင် တပ် တော်ဝင်ခဲ့သည့် ဖရီဂိတ်စစ်ရေယာဉ်ကြီး စစ်ရေယာဉ်(သာလွန်မင်း) သည် တပ်မတော်(ရေ) ရေယာဉ်တည်ဆောက်မှုသမိုင်း၌ အရွယ်အစားအားဖြင့် အကြီးမားဆုံး ကိုယ်တိုင်တည်ဆောက် တပ်တော်ဝင်နိုင်ခဲ့သည့် စစ်ရေယာဉ်ဖြစ်**

**☆ အချိန်ကာလ တစ်လကျော်၊ စုစုပေါင်းခုတ်မောင်းချိန် နာရီ ၂၇၀ ကျော်၊ ခရီးအကွာအဝေးရေမိုင် ၃၅၀၀ ခန့် ခရီးရှည်စမ်းသပ်မောင်းနှင်ခဲ့ပြီး စမ်းသပ်မောင်းနှင်သည့်ခရီးစဉ်အတွင်း စံချိန်စံညွှန်း ပြည့်မီမှုဆိုင်ရာ စမ်းသပ်မောင်းနှင်ခြင်းများ၊ ရေယာဉ်၌ တပ်ဆင်ထားသည့် ကိရိယာများ အလိုက် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အသုံးပြုနိုင်မှုအား စမ်းသပ် ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ယနေ့တွင် တပ်တော်ဝင်နိုင်ခဲ့ခြင်းဖြစ်**

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဂျိုင်း(ဇာသပြင်)တံတားနှင့် အတ္ထရံတံတား ဖွင့်ပွဲများသို့ တက်ရောက်ဖွင့်လှစ်

**နေပြည်တော် မတ် ၈**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောသည် ယနေ့နံနက်ပိုင်းတွင် မြန်မာ - ဂျပန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ဆောက်သည့် ကရင်ပြည်နယ် ဘားအံမြို့ ဂျိုင်း(ဇာသပြင်) တံတားအသစ်နှင့် မွန်ပြည်နယ် မော်လမြိုင်မြို့ အတ္ထရံ တံတားအသစ်ဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီးများ၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ဝန်ကြီးချုပ်များ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ တိုင်းရင်းသားရိုးရာအဖွဲ့များနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဂျိုင်း(ဇာသပြင်) တံတားအသစ် ဖွင့်ပွဲအခမ်းအနားသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးထွန်းအုံ၊ ဦးမင်းနောင်၊ ဦးမျိုးသန့်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း တို့က မင်္ဂလာအချိန်တွင် ဂျိုင်း(ဇာသပြင်) တံတားအသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ဂျိုင်း(ဇာသပြင်) တံတားအသစ် ကမ္ဗည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က တံတားတည်ဆောက်ရာတွင် ပါဝင်ခဲ့ကြသည့် အင်ဂျင်နီယာအဖွဲ့များအား အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ ဂျိုင်း(ဇာသပြင်)တံတားအသစ် ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ကို ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အသစ်တည်ဆောက်ပြီးစီးသည့် တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ အတ္ထရံတံတားအသစ် ဖွင့်ပွဲအခမ်းအနားသို့ ဆက်လက်တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ကျော်ထွန်း၊ ဗိုလ်ချုပ်ဖြိုးသန့်နှင့် ဦးမျိုးမြင့်တို့က အတ္ထရံတံတားအသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အတ္ထရံတံတားအသစ် ကမ္ဗည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ အတ္ထရံတံတားအသစ် ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ကို ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အသစ်တည်ဆောက်ပြီးစီးသည့် တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုခဲ့ကြသည်။

ဂျိုင်း(ဇာသပြင်)တံတားအသစ်သည် သံမဏိကြိုးဆိုင်းတံတားဖြစ်ပြီး တံတား၏အရှည်မှာ ၂၆၁၅ ပေ၊ ယာဉ်သွားလမ်းအကျယ် လေးလမ်းသွား၊ ရေလမ်းကင်းလွတ်အကျယ် ပေ ၇၅၀ နှင့် အမြင့်ပေ ၄၀ ရှိကာ တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန် ဖြစ်ကြောင်း၊ အတ္ထရံတံတားသစ်သည်လည်း သံမဏိကြိုးဆိုင်းတံတားဖြစ်ပြီး တံတား၏အရှည်မှာ ၁၅၇၅ ပေ၊ ယာဉ်သွားလမ်းအကျယ် လေးလမ်းသွား၊ ရေလမ်းကင်းလွတ်အကျယ် ပေ ၄၀၀၊ အမြင့်ပေ ၄၀ ရှိကာ တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်ကြောင်း။

အဆိုပါခေတ်မီသံမဏိကြိုးဆိုင်းတံတားကြီးများ တည်ဆောက်ပြီးစီးခဲ့ခြင်းကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဒေသတွင်း လူမှုစီးပွားဘဝများနှင့် ပြည်တွင်း /ပြည်ပ စီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာကြမည်ဖြစ်ကြောင်း၊ ယင်းတံတားများကို အသုံးပြု၍ မွန်ပြည်နယ် မော်လမြိုင်မြို့မှ တစ်ဆင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် တည်ဆောက်မည့် အထူးစီးပွားရေးဇုန်၊ ရေနက်ဆိပ်ကမ်းနှင့် ရန်ကုန်မြို့ရှိ သီလဝါ အထူးစီးပွားရေးဇုန်သို့လည်း ကုန်စည်စီးဆင်းမှုများ ပိုမိုကောင်းမွန်မြန်ဆန်လာမည်ဖြစ်သကဲ့သို့ အရှေ့ - အနောက် စီးပွားရေးစင်္ကြံလမ်းပေါ်ရှိ ဗီယက်နမ်၊ လာအို၊ ထိုင်းနိုင်ငံများနှင့်ပါ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားကာ ဌာနအလိုက် ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက တံတားတည်ဆောက်ရာတွင် ပါဝင်ခဲ့ကြသည့် အင်ဂျင်နီယာအဖွဲ့များအား အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။



ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးထွန်းအုံ၊ ဦးမင်းနောင်၊ ဦးမျိုးသန့်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းတို့က ဂျိုင်း(ဇာသပြင်) တံတားအသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**★ ခေတ်မီသံမဏိကြိုးဆိုင်းတံတားကြီးများ တည်ဆောက်ပြီးစီးခဲ့ခြင်းကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဒေသတွင်းလူမှုစီးပွားဘဝများနှင့် ပြည်တွင်း/ပြည်ပ စီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာကြမည်**

**★ ယင်းတံတားများကို အသုံးပြု၍ မွန်ပြည်နယ် မော်လမြိုင်မြို့မှ တစ်ဆင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် တည်ဆောက်မည့် အထူးစီးပွားရေးဇုန်၊ ရေနက်ဆိပ်ကမ်းနှင့် ရန်ကုန်မြို့ရှိ သီလဝါအထူးစီးပွားရေးဇုန်သို့လည်း ကုန်စည်စီးဆင်းမှုများ ပိုမိုကောင်းမွန်မြန်ဆန်လာမည်ဖြစ်သကဲ့သို့ အရှေ့ - အနောက် စီးပွားရေးစင်္ကြံလမ်းပေါ်ရှိ ဗီယက်နမ်၊ လာအို၊ ထိုင်းနိုင်ငံများနှင့်ပါ ဆက်သွယ်သွားလာနိုင်မည်**

## အင်းစိန်မြို့နယ်၌ အင်းစိန်မြေ မဂ္ဂဇင်းစာအုပ်ပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် မတ် ၈**

အင်းစိန်မြို့နယ် စာရေးဆရာအသင်းက စီစဉ်ထုတ်ဝေသော ၂၀၁၉ ခုနှစ် အင်းစိန်မြေ မဂ္ဂဇင်းစာအုပ်ပေးအပ်ပွဲကို မတ် ၆ ရက် မွန်းလွဲပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အင်းစိန်မြို့နယ် စာရေးဆရာအသင်း နာယက ဆရာကြီး ဦးရန်နောင်(ရန်နောင်-ပညာရေး)က စာပေမြင့်မှ လူမျိုးတင့်မည်ဖြစ်ကြောင်း အမှာစကားပြောကြား၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမြင့်၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတော်မြင့် (တော်မြင့်-ငှက်ဖျား)နှင့် မြို့နယ်မဂ္ဂဇင်းဖြစ်မြောက်ရေးအဖွဲ့ နာယက ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး) တို့က မုဒိတာစကားများပြောကြားသည်။

ထို့နောက် အင်းစိန်မြေ မဂ္ဂဇင်းတွင် စာမူများ ပါဝင်ရေးသားခဲ့ကြသည့် စာမူရှင်များ၊ ကြော်ငြာရှင်များ၊ မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ပြန်/ဆက် ဦးစီးဌာနများရှိ စာကြည့်တိုက်များ၊ မြို့နယ်စာရေးဆရာအသင်းဝင်များနှင့် တက်ရောက်လာသော စာပေမိတ်ဆွေများအား တာဝန်ရှိသူများက အင်းစိန်မြေ မဂ္ဂဇင်းစာအုပ်များ လက်ဆောင်ပေးအပ်ကြသည်။ အဆိုပါ မဂ္ဂဇင်းတွင် ဆောင်းပါးအပုဒ် ၂၀၊ ဝတ္ထုတို ၁၇ ပုဒ်၊ ကဗျာ ၁၂ ပုဒ်၊ ကာတွန်း လေးပုဒ်နှင့် မှတ်တမ်းဓာတ်ပုံများဖြင့် ဝေဝေဆာဆာဖော်ပြထားပြီး တစ်အုပ်လျှင် ကျပ် ၁၀၀၀၀ ဖြင့် ရောင်းချကြောင်း သိရသည်။

မြင့်ဦး



# လောင်စာဆီချွေတာရေး "စုံ"ရက်၊ "မ"ရက် ယာဉ်အသုံးပြုစီမံချက် ပူးပေါင်းပါဝင်ဆောင်ရွက်

ကိုရင်မောင်

လတ်တလောဖြစ်ပေါ်နေတဲ့ အရှေ့အလယ်ပိုင်းက စစ်ရေးပဋိပက္ခတွေကြောင့် စက်သုံးဆီတင်သွင်းမှုလမ်းကြောင်း အကျပ်အတည်းဖြစ်ပေါ်မှုဟာ ကမ္ဘာ့နိုင်ငံတွေအားလုံးကို ရိုက်ခတ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ နိုင်ငံတော်အစိုးရက ပြည်သူတွေသိရှိလိုက်နာနိုင်ဖို့ ကြေညာချက်တစ်ခု ထုတ်ပြန်လိုက်ပါတယ်။ လိုအပ်ချက်အရ လောင်စာဆီချွေတာရေးကို ရည်ရွယ်ပြီး စုံ/မ ယာဉ်အသုံးပြုမှုအစီအစဉ်ကို ထုတ်ပြန်ခဲ့ပါတယ်။ ဒီအစီအစဉ်ကို ထုတ်ပြန်လိုက်တဲ့အခါ ပြည်သူလူထုကြားမှာ သို့လောသို့လော ကြားလာရပါတယ်။ ပြည်သူအားလုံးရဲ့အသံတွေတော့မဟုတ်ပါဘူး။ စစ်စစ်ပေါက်ပေါက်လေ့လာကြည့်ရင် မော်တော်ယာဉ်ပိုင်ဆိုင်တဲ့သူတွေကြားက ပေါ်ထွက်လာတဲ့အသံအချို့ ဖြစ်ပါတယ်။

မည်သို့ပင်ဖြစ်စေ နိုင်ငံတော်နဲ့ အများပြည်သူအတွက် အကျိုးရှိတဲ့ကိစ္စဖြစ်လို့ လက်ခံကြရမှာ ဖြစ်ပါတယ်။ စက်သုံးဆီ ခြိုးခြံချွေတာရေးအတွက် ပြည်သူသို့အသိပေးကြေညာချက်ကို ၂၀၂၆ ခုနှစ် မတ်လ ၃ ရက်နေ့က ထုတ်ပြန်လိုက်တဲ့အချိန်မှာ ပြည်သူတွေကြားမှာ စိုးရိမ်ပူပန်မှုတွေ အနည်းနဲ့အများဆိုသလို ပေါ်ထွက်လာတာဖြစ်ပါတယ်။ ဂယက်ရိုက်ခတ်မှုအမျိုးမျိုးကြောင့် စက်သုံးဆီဆိုင်တွေမှာ မော်တော်ယာဉ်တွေ တန်းစီဝယ်ယူနေကြတာကိုလည်း တွေ့ရပါတယ်။ နိုင်ငံတော်အစိုးရနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေက အရန်ဆီအလုံအလောက်ရှိလို့ နိုင်ငံအတွင်း စက်သုံးဆီပြတ်လပ်မှုမဖြစ်နိုင်ကြောင်းနဲ့ စိုးရိမ်ကြောင့်ကြမှု မဖြစ်စေဖို့ အသိပေးထုတ်ပြန်ချက်တွေ ဆက်တိုက်ထုတ်ပြန်ပေးခဲ့ပါတယ်။ စုံ/မ ယာဉ်အသုံးပြုမှုအစီအစဉ်စတင်တဲ့ မတ်လ ၇ ရက်နေ့မှာတော့ ပုံမှန်အခြေအနေအတိုင်းရှိနေတာကို တွေ့ရပါတယ်။

**အကျိုးရလဒ်တွေရှိ**

မတ်လ ၇ ရက်နေ့နောက်ပိုင်းမှာ နိုင်ငံအတွင်းရှိ စက်သုံးဆီအရောင်းဆိုင်တွေမှာ မော်တော်ယာဉ်တွေ ပုံမှန်အတိုင်း ဆီဝယ်ယူနေကြတာကိုတွေ့ရပြီး ထူးခြားတာကတော့ လမ်းတွေပေါ်မှာ ယာဉ်ကြောပိတ်ဆို့မှုတွေ၊ မော်တော်ယာဉ်ထူထပ်မှုတွေ လျော့ကျသွားတာကို တွေ့ရပါတယ်။ ပြည်သူတွေအနေနဲ့ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်တွေနဲ့ ပုံမှန်အတိုင်းသွားလာနေကြတာကို တွေ့ရပြီး ဝန်ထမ်းကြိုပို့ယာဉ်တွေ၊ ကုန်စည်သယ်ယူပို့ဆောင်ရေးယာဉ်တွေ၊ စက်ရုံအလုပ်ရုံ လုပ်ငန်းသုံးယာဉ်တွေ၊ ကျောင်းကြို/ပို့ယာဉ်တွေလည်း ပုံမှန်အတိုင်း သွားလာနေကြတာကို တွေ့ရပါတယ်။ စက်ရုံအလုပ်ရုံ၊ ကုန်ပစ္စည်း၊ ကျောင်းနဲ့ပတ်သက်တဲ့ယာဉ်တွေနဲ့ စီးနင်းလိုက်ပါသူတွေအနေနဲ့ သက်ဆိုင်ရာအထောက်အထားတွေ ခိုင်ခိုင်မာမာထုတ်ဖော်ပြသဖို့ လိုပါတယ်။

တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ သန်းနဲ့ချီပြီးရှိတဲ့ မော်တော်ယာဉ်တွေကိုစိစစ်ရတာ လွယ်ကူတဲ့ အလုပ်တော့မဟုတ်ပါဘူး။ ထုတ်ပြန်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေတွေနဲ့အညီ လိုက်နာဆောင်ရွက်ကြရမှာက ပြည်သူတွေရဲ့တာဝန်ဖြစ်ပါတယ်။ ထုတ်ပြန်လိုက်တဲ့ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေ၊ အမိန့်တွေဟာ နိုင်ငံတော်နဲ့ အများပြည်သူ အကျိုးစီးပွားအတွက် ဖြစ်ပါတယ်။ ပြည်သူတွေကို

> **အဆိုးထဲကအကောင်းအနေနဲ့ အကောင်အထည်ဖော်လိုက်ခြင်းလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကြားထဲက ပြည်သူလူထုရဲ့လူမှုစီးပွားဘဝတွေ အဆင်ပြေအောင်ဆောင်ရွက်ပေးနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ပြည်သူလူထုရဲ့လိုအပ်ချက်တွေကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးနေတာကို တွေ့ရပါတယ်။ ပြည်သူလူထုကလည်း နိုင်ငံတော်အစိုးရနဲ့လိုက်လျောညီထွေစွာ ပါဝင်ဆောင်ရွက်ကြဖို့ လိုပါတယ်။ ပြည်သူတွေအနေနဲ့ ထုတ်ပြန်ထားတဲ့ ဥပဒေ၊ စည်းကမ်းတွေ လိုက်နာတဲ့အပိုင်းမှာ အားနည်းနေတာကိုတွေ့နိုင်ပါတယ်။ ယခု လောင်စာဆီခြိုးခြံချွေတာရေးအတွက် "စုံ/မ"ယာဉ်မောင်းနှင်အသုံးပြုတဲ့ စည်းကမ်း၊ စက်သုံးဆီသုံးစွဲတဲ့စည်းကမ်းဟာ နိုင်ငံသားတွေ စည်းကမ်းတကျ လိုက်နာဆောင်ရွက်တတ်တဲ့ အလေ့အထအဖြစ် စံနမူနာပြဆောင်ရွက်ရာ ရောက်ပါတယ်။**

အကျပ်အတည်းဖြစ်အောင် လုပ်ဆောင်တာ မဟုတ်ဘဲ အမိန့်ထုတ်ပြန်လိုက်ခြင်းကြောင့် ပေါ်ထွက်လာမယ့် အကျိုးရလဒ်တွေကို အချိန်တန်ရင် သိရှိခံစားကြရမှာဖြစ်ပါတယ်။ လတ်တလောမှာတော့ ယာဉ်ကြောကျပ်တည်းမှု မဖြစ်ပေါ်တော့ဘဲ ပတ်ဝန်းကျင်နဲ့ လေထုသန့်ရှင်းမှုကို အထောက်အကူပြုနေတာကို တွေ့ရပါတယ်။

**သတိပြုဆောင်ရွက်**

လက်ရှိကာလဟာ ပညာပေးကာလဖြစ်ပြီး စည်းကမ်းလိုက်နာတဲ့ မော်တော်ယာဉ်တွေကို တွေ့ရှိရသလို မလိုက်နာတဲ့မော်တော်ယာဉ်အချို့ကိုလည်း တွေ့ရှိခဲ့ရပါတယ်။ မကြာမီရက်ပိုင်းမှာတော့ စည်းကမ်းသတ်မှတ်ချက်တွေ ဖောက်ဖျက်ကျူးလွန်တဲ့ မော်တော်ယာဉ်တွေကို တည်ဆဲဥပဒေတွေနဲ့အညီ အရေးယူဆောင်ရွက်သွားတော့မှာကို သတိပြုဖို့လိုပါတယ်။ ပြည်သူတွေ သွားလာရေး အဆင်ပြေချောမွေ့စေဖို့နဲ့ စီးပွားရေးလုပ်ငန်းတွေ အရှိန်အဟုန်မပျက် လည်ပတ်စေဖို့အတွက် မတ်လ ၃ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့တဲ့ ကြေညာချက် အပုဒ် ၂၊ ပုဒ်မခွဲ(ခ)မှာ ဖော်ပြထားတဲ့ နေ့စဉ်အသုံးပြုနိုင်တဲ့ မော်တော်ယာဉ်တွေအနေနဲ့ သုံးစွဲတဲ့အခါမှာ အခေါက်ရေအနည်းဆုံးနဲ့သုံးစွဲတဲ့ ယာဉ်စီးရေ အနည်းဆုံးဖြစ်အောင် ကန့်သတ်ခြိုးခြံသုံးစွဲဖို့နဲ့ အထောက်အထားမှန်မှန်ကန်ကန် ဆောင်ရွက်ကြဖို့ လိုပါတယ်။ ပုဂ္ဂလိကကိုယ်ပိုင်ယာဉ်တွေနဲ့ ခွင့်ပြုထားတဲ့ လုပ်ငန်းသုံးယာဉ်တွေဟာ ရောထွေးနေတတ်တဲ့အတွက် အထောက်အထား ခိုင်ခိုင်မာမာ ရှိဖို့လိုပါတယ်။

လတ်တလောမှာ စက်သုံးဆီချွေတာသုံးစွဲရေးအတွက် ထုတ်ပြန်လိုက်တဲ့ကြေညာချက်နဲ့ပတ်သက်လို့ ပုဂ္ဂလိကကိုယ်ပိုင်ယာဉ်တွေအနေနဲ့ အခက်အခဲရှိနိုင်ပေမယ့် အများပြည်သူအကျိုးစီးပွားအတွက် နားလည်မှုရှိကြဖို့လိုပါတယ်။ ရေရှည်မှာ ဖြစ်ပေါ်လာနိုင်တဲ့ကိစ္စတွေကို တွက်ဆပြီးတော့ ခြိုးခြံချွေတာရေးအတွက် ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ ကမ္ဘာမှာကြုံတွေ့နေရတဲ့ လောင်စာဆီအခက်အခဲကို မြန်မာနိုင်ငံအနေနဲ့ စနစ်တကျ အဆင်ပြေစွာ ဖြတ်သန်းနိုင်ဖို့အတွက်ရည်ရွယ်ပြီး ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အရန်ဆီအလုံအလောက်ရှိပါတယ်။ ဓာတ်ဆီဂါလန်သန်း ၆၀ ရှိပြီး ဒီဇယ်ဆီဂါလန်သန်း ၇၀ နီးပါးရှိတယ်လို့ သိရပါတယ်။ ဒါ့အပြင် ရန်ကုန်ဆိပ်ကမ်းမှာ စက်သုံးဆီတင်ဆောင်ထားတဲ့ သင်္ဘောနှစ်စင်းရှိပါတယ်။ ရေကြောင်းခရီးမှာ ဝယ်ယူပြီးသား စက်သုံးဆီ သင်္ဘော ၁၄ စင်းရှိပါတယ်။ စက်သုံးဆီနဲ့ပတ်သက်ရင် ပြတ်လပ်စရာ အကြောင်းမရှိလို့ ဆိုရမှာဖြစ်ပါတယ်။

**ကောင်းမွန်တဲ့အစီအမံ**

မြန်မာနိုင်ငံရဲ့ စက်သုံးဆီသုံးစွဲမှု ပုံမှန်အခြေအနေတွေအရ တစ်ရက်လျှင် ဓာတ်ဆီ ၁ ဒသမ ၅ သန်းဂါလန်ရှိပြီး ဒီဇယ်ဆီ တစ်ရက်လျှင် ၁ ဒသမ ၇ သန်းဂါလန်ရှိပါတယ်။ စုစုပေါင်း တစ်ရက်လျှင် စက်သုံးဆီဂါလန် ၃ ဒသမ ၂ သန်းခန့်သုံးစွဲနေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိပြီး အရန်ဆီအနေနဲ့ နောက်ထပ်ရက်ပေါင်း ၄၀ စာ စိတ်ချစွာ သုံးစွဲနိုင်ပါတယ်။ ဖြစ်ပေါ်နေတဲ့ အရှေ့အလယ်ပိုင်းပဋိပက္ခဟာ မပြီးဆုံးသေးတဲ့အတွက် စက်သုံးဆီနဲ့ပတ်သက်လို့ စိန်ခေါ်မှုတွေ ရှိနေဆဲဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကမ္ဘာ့စက်သုံးဆီနဲ့ပတ်သက်လို့ စိန်ခေါ်မှုတွေ အမျိုးမျိုးအဖုံဖုံ ရှိလာဦးမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အခုလိုအချိန်အခါမှာ စက်သုံးဆီနဲ့ပတ်သက်လို့ ခြိုးခြံချွေတာသုံးစွဲတဲ့အလေ့အထကို ပြုလုပ်လိုက်တာဟာ အနာဂတ်အတွက်ကောင်းမွန်တဲ့ အစီအမံတစ်ခုလို့ ဆိုချင်ပါတယ်။

အဆိုးထဲကအကောင်းအနေနဲ့ အကောင်အထည်ဖော်လိုက်ခြင်းလည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကြားထဲက ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝတွေ အဆင်ပြေအောင် ဆောင်ရွက်ပေးနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ လိုအပ်ချက်တွေကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးနေတာကိုတွေ့ရပါတယ်။ ပြည်သူလူထုကလည်း နိုင်ငံတော်အစိုးရနဲ့ လိုက်လျောညီထွေစွာ ပါဝင်ဆောင်ရွက်ကြဖို့လိုပါတယ်။ ပြည်သူတွေအနေနဲ့ ထုတ်ပြန်ထားတဲ့ ဥပဒေ၊ စည်းကမ်းတွေ လိုက်နာတဲ့အပိုင်းမှာ အားနည်းနေတာကို တွေ့နိုင်ပါတယ်။ ယခု လောင်စာဆီခြိုးခြံချွေတာရေးအတွက် "စုံ/မ" ယာဉ်မောင်းနှင်အသုံးပြုတဲ့ စည်းကမ်း၊ စက်သုံးဆီသုံးစွဲတဲ့စည်းကမ်းဟာ နိုင်ငံသားတွေ စည်းကမ်းတကျလိုက်နာဆောင်ရွက်တတ်တဲ့ အလေ့အထအဖြစ် စံနမူနာပြဆောင်ရွက်ရာရောက်ပါတယ်။

**ကန့်သတ်ပြုလုပ်**

တကယ်တော့ "စုံ"ရက်၊ "မ"ရက် ခွဲခြားပြီး မော်တော်ယာဉ်မောင်းနှင်တဲ့စနစ်ဟာ မြန်မာနိုင်ငံတစ်နိုင်ငံတည်း လုပ်နေတာမဟုတ်ပါဘူး။ အမေရိကန်ပြည်ထောင်စု၊ ဒိန်းမတ်၊ ဆွစ်ဇာလန်၊ မက္ကဆီကို၊ ကိုလံဘီယာ၊ ပြင်သစ်၊ အီတလီ၊ နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ အိုက်စလန်၊ ယူဂန္ဒာ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ တရုတ်၊ အိန္ဒိယ စတဲ့နိုင်ငံတွေမှာ အစောပိုင်းကတည်းက ကျင့်သုံးခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ယခုမှ စတင်ကျင့်သုံးတာဖြစ်ပါတယ်။ ဒီစနစ်ကို သတ်မှတ်ကျင့်သုံးလိုက်တာကြောင့် တစ်ရက်လျှင် စက်သုံးဆီသုံးစွဲမှုပမာဏထက်ဝက်ခန့်လျှော့ချနိုင်ခဲ့ပါတယ်။ စုံရက်၊ မရက်ခွဲကာ မော်တော်ယာဉ်မောင်းနှင်တာသာမက မော်တော်ယာဉ်မသုံးစွဲရနေ့ (Dry Day) သတ်မှတ်ပြီး မော်တော်ယာဉ်မောင်းနှင်မှု ကန့်သတ်တာတွေလည်းရှိပါတယ်။ မြန်မာနိုင်ငံမှာ မော်တော်ယာဉ်မသုံးစွဲရနေ့ (Dry Day) ပြုလုပ်ခဲ့ဖူးပါတယ်။

နိုင်ငံတကာမှာ "စုံ"ရက်၊ "မ"ရက် ယာဉ်မောင်းနှင်တဲ့စနစ် ကျင့်သုံးရခြင်းရဲ့ အဓိကအကြောင်းရင်းကတော့ (၁) စစ်ပွဲဖြစ်ပွားစဉ် သို့မဟုတ် ရေနံတင်သွင်းမှု ပိတ်ဆို့ရပ်ဆိုင်းသွားတဲ့အချိန်၊ (၂) နိုင်ငံခြားငွေပြတ်လပ်လို့ စက်သုံးဆီအလုံအလောက်မဝယ်နိုင်တဲ့အချိန်၊ (၃) မြို့ကြီးတွေမှာ လေထုညစ်ညမ်းမှုနဲ့ ယာဉ်ကြောပိတ်ဆို့မှုကို လျှော့ချဖို့ လိုအပ်နေတဲ့အချိန်တွေမှာ "စုံ"ရက်၊ "မ"ရက်စနစ်ကို နိုင်ငံတွေအနေနဲ့ ကျင့်သုံးကြတာကို တွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အရှေ့အလယ်ပိုင်းဒေသပဋိပက္ခကြောင့် စက်သုံးဆီပြတ်လပ်မှုမရှိစေရေးနဲ့ နိုင်ငံရဲ့အရေးကြီးတဲ့ အုပ်ချုပ်ရေးယန္တရားလုပ်ငန်းစဉ်တွေ မထိခိုက်စေဖို့အတွက် စက်သုံးဆီသုံးစွဲမှုကို စနစ်တကျစီမံခန့်ခွဲရန်လိုအပ်လာပါတယ်။ မကြာသေးမီကာလတွေမှာ အိမ်နီးချင်းနိုင်ငံတွေနဲ့ မြန်မာနိုင်ငံမှာ လေထုညစ်ညမ်းမှုတွေကို ဖြေလျှော့ပေးဖို့လည်း လိုအပ်လာပါတယ်။ စာမျက်နှာ ၈ သို့ ☆

> **မော်တော်ယာဉ်ကို မသုံးစွဲလိုက်ရတဲ့အတွက် မိမိအတွက် အကုန်အကျစရိတ်အမျိုးမျိုး များစွာသက်သာသွားပါမယ်။ သတ်မှတ်ထားတဲ့ မသုံးစွဲရတဲ့နေ့မှာ မဖြစ်မနေသွားရမယ်ဆိုရင်လည်း အများပြည်သူသုံးယာဉ်တွေကို အသုံးပြုနိုင်ပါတယ်။ အများပြည်သူသုံးယာဉ်တွေကို အသုံးမပြုချင်ရင်လည်း အငှားမော်တော်ယာဉ်တွေကို ငှားရမ်းစီးနင်းနိုင်ပါတယ်။ တကယ်တော့ အခက်အခဲမရှိတဲ့အပြင် အကျိုးရလဒ်များစွာရှိနေပါတယ်။ ယခုအခြေအနေမှာ အချို့နိုင်ငံတွေအနေနဲ့ အရန်စက်သုံးဆီ တစ်ပတ်စာခန့်သာရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အရန်စက်သုံးဆီ ရက် ၄၀ စာခန့် အလုံအလောက်ရှိတဲ့အပြင် "စုံ"ရက်၊ "မ"ရက် စီမံချက်ကို လိုက်နာဆောင်ရွက်ခြင်းအားဖြင့် စက်သုံးဆီအတွက် ပူပန်စရာအကြောင်းလုံးဝရှိမှာမဟုတ်တာ သေချာပါတယ်။ စက်သုံးဆီရောင်းချတာနဲ့ပတ်သက်လို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေက အရောင်းဆိုင်တွေမှာ ဆီလက်ကျန် အမှန်တကယ်ရှိ/မရှိနဲ့ သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချခြင်းရှိ/မရှိ စစ်ဆေးပေးလျက်ရှိပါတယ်။**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ မြေအသုံးချမှုပြောင်းလဲမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် မြေတိုင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ မြေအသုံးချမှု ပြောင်းလဲမှုများကို လေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ သစ်တောမြေဖြစ်သော ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများအတွင်း တရားမဝင် ကျူးကျော်ဝင်ရောက်နေမှုများ၊ မြေလွတ်မြေရိုင်းနှင့် လယ်ယာမြေများအား ခွင့်ပြုချက်မရဘဲ အခြားမြေအသုံးချမှုအဖြစ် ပြောင်းလဲအသုံးချနေမှုများနှင့် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေများတွင် ခွင့်ပြုချက်မရှိဘဲ မြေအသုံးချနေမှုများကို လေယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

**ကွင်းဆင်းစစ်ဆေး**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အနေဖြင့် ပြင်ဦးလွင်မြို့နယ်အတွင်း သစ်တောဖုံးလွှမ်းမှု တိုးပွားလာစေရေးနှင့် စိမ်းလန်းစိုပြည်စေရေးအတွက် သဘာဝတောများ ထိန်းသိမ်းခြင်း၊ စနစ်တကျစီမံအုပ်ချုပ်ခြင်း၊ ရေဝေရေလဲဒေသများထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းတို့ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ တရားမဝင် ကျူးကျော် အခြေချခြင်းများနှင့် တရားမဝင်မြေအသုံးချခြင်းများ မရှိစေရန်၊ မြေအသုံးချနေမှုများ ဥပဒေနှင့်အညီ စနစ်ကျမှန်ကန်စေရန် သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များစုဖွဲ့ပြီး မြေပြင်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်သည်။



ထို့ပြင် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ၊ တောမီးနှင့် မီးခိုးမြူငွေ့ အန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ ကြီးကြပ် ဆောင်ရွက်နိုင်ရန်အတွက် လေယာဉ်ဖြင့်လှည့်လည် စစ်ဆေးခြင်း လုပ်ငန်းများကို လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မိုင်းနားအခြေပြု ကံပိုင်တည်ကုန်သွယ်ရေးစခန်း ယာယီယာဉ်စစ်ဆေးရေးကွင်း ဖွင့်လှစ် ကုန်သွယ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ စစ်ဆေးဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား မတ် ၈**

ကချင်ပြည်နယ်အတွင်း တစ်ဖက်နိုင်ငံမှ သွင်းကုန်ပစ္စည်းများနှင့်ပတ်သက်၍ တရားဝင် သွင်းကုန်လိုင်စင်ဖြင့် တင်သွင်းခွင့်ပြုနိုင်ရေးနှင့် စစ်ဆေးဆောင်ရွက်နိုင်ရေးတို့အတွက် မိုင်းနားအခြေပြု ကံပိုင်တည်ကုန်သွယ်ရေးစခန်း ယာယီယာဉ်စစ်ဆေးကွင်း ဖွင့်လှစ်ဆောင်ရွက်ရာတွင် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။



အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က မြစ်ကြီးနားမြို့သို့ တစ်ဖက်နိုင်ငံမှ ဝင်ရောက်နေသော ကုန်ပစ္စည်းများနှင့်ပတ်သက်၍ တရားဝင်ဖြစ်စေရေး၊ ဒေသတွင်း ကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရေးအတွက် တရားဝင်သွင်းကုန်လိုင်စင်ဖြင့် တင်သွင်းခွင့်ပြုခြင်း၊ ကျသင့်အခွန်အခများ ပေးဆောင်စေခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကံပိုင်တည် OSS အဖွဲ့သည် ယခုလ ၆ ရက်မှစတင်ပြီး ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာရှိ ရွှေမိုးတောင်ဘုရားတောင်ခြေတွင် လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သော်လည်း စစ်ဆေးဆောင်ရွက်မည့်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို အားလုံးက ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက်တက်ရောက်လာကြသည့်အကောက်ခွန် ဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ OSS အဖွဲ့ဝင် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ခရိုင်/ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက မိုင်းနားအခြေပြု ကံပိုင်တည်ကုန်သွယ်ရေးစခန်း ယာယီယာဉ်စစ်ဆေးရေးကွင်း ဖွင့်လှစ်ထားရှိမှု၊ ကုန်သွယ်ရေးလုပ်ငန်းများအပေါ် ညွှန်ကြားချက်များနှင့်အညီ SOP ထုတ်ပြန်ချက်အတိုင်း ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ OSS အဖွဲ့မှ ယာဉ်တင်ကုန်ပစ္စည်းများ စစ်ဆေးဆောင်ရွက်ရာတွင် လိုအပ်သည့်ကိစ္စရပ်များ၊ ယာဉ်များ ရပ်နားကွင်းမြေနေရာနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးများက ကုန်သွယ်ရေးနှင့် စစ်ဆေးရေးလုပ်ငန်းများအတွက် လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများ မြန်ဆန်စွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ကြရေး၊ OSS အဖွဲ့များအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များနှင့် ထုတ်ပြန်ထားသည့် ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရေး မှာကြားပြီး လိုအပ်သည်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့အတူ ပြည်နယ်ဝန်ကြီးချုပ်သည် ယမန်နေ့ညနေပိုင်းကလည်း ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ - ၁ ၌ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အထွေထွေပိုလျှံရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် Quick Win လုပ်ငန်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေး ပြုလုပ်သည်။

အဆိုပါအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်ထောင်စု၏ အထွေထွေပိုလျှံရန်ပုံငွေမှ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများအတွက် အမှန်တကယ်အကျိုးရှိ ထိရောက်ပြီး အချိန်တိုအတွင်း လျင်မြန်စွာဆောင်ရွက်ပြီးစီးနိုင်သည့် Quick Win လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေး သက်ဆိုင်ရာဌာနများအနေဖြင့် စိစစ်တင်ပြဆွေးနွေးကြရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့်ပြည်နယ်အဆင့် ဌာနဆိုင်ရာများက မြစ်ကြီးနား၊ မိုးညှင်းနှင့် ပူတာအိုခရိုင်များအတွက် အချိန်တိုအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စိုက်ပျိုးရေရရှိရေး၊ ကုန်ထုတ်လမ်း/တံတားများနှင့် ရေရှိရေးလုပ်ငန်းများ၊ ကျေးရွာချင်းဆက်လမ်းများနှင့် လယ်ယာသုံးပစ္စည်းကိရိယာများ ဝယ်ယူတင်သွင်းရေးစသည့် လုပ်ငန်းများအတွက် ရန်ပုံငွေ ရေးဆွဲတင်ပြထားရှိမှု အခြေအနေကို တင်ပြကြရာ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့မှ ပြည်နယ်ဦးစီးမှူးက လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရန်ပုံငွေတင်ပြတောင်းခံရာတွင် လိုက်နာရမည့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားများချက်နှင့်အညီ ဖြစ်စေရေး စိစစ်တိုက်ဆိုင် ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများသည် ဒေသလိုအပ်ချက်နှင့် ကိုက်ညီမှုရှိပြီး အမှန်တကယ် အကျိုးဖြစ်ထွန်းစေသော်လည်း သတ်မှတ်စည်းမျဉ်းစည်းကမ်းနှင့်အညီ စိစစ်တင်ပြသွားရန်မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

☆ စာမျက်နှာ ၇ မှ

**အကျိုးရှိထိရောက်**

မြန်မာနိုင်ငံအပါအဝင် နိုင်ငံတွေအနေနဲ့ မော်တော်ယာဉ်မသုံးစွဲရ အစီအမံတွေကို စက်သုံးဆီ သုံးစွဲမှုပြဿနာတွေ၊ လေထုညစ်ညမ်းမှုပြဿနာတွေ၊ ယာဉ်ကြောပိတ်ဆို့မှုပြဿနာတွေကို လျှော့ချဖို့အတွက်သာမက အများပြည်သူတွေအတွက် စိမ်းလန်းသန့်ရှင်းပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ လူမှုအသိုက်အဝန်းနဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ မြို့ပြဘဝကို ဖန်တီးနိုင်ဖို့အတွက် မျှော်မှန်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ နောက်ထပ် အမိန့်တစ်စုံတစ်ရာ ထုတ်ပြန်ခြင်းမပြုသရွေ့ ထိုအစီအစဉ်ကို ပြည်သူတွေအနေနဲ့ လိုက်နာဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ တကယ်တော့ "စုံ"ရက်၊ "မ"ရက် မော်တော်ယာဉ်သုံးစွဲခြင်းနဲ့ပတ်သက်လို့ မော်တော်ယာဉ်ပိုင်ဆိုင်တဲ့သူတွေအနေနဲ့ အခက်အခဲ တစ်စုံတစ်ရာရှိနိုင်ပေမယ့် မိမိအတွက်ရော အများပြည်သူအတွက်ပါ အကျိုးရှိထိရောက်တဲ့စနစ်ဖြစ်တာကို နားလည်ပေးဖို့ လိုပါတယ်။

**မော်တော်ယာဉ်ကို မသုံးစွဲလိုက်ရတဲ့အတွက် မိမိအတွက် အကုန်အကျစရိတ်အမျိုးမျိုး များစွာ သက်သာသွားပါမယ်။ သတ်မှတ်ထားတဲ့ မသုံးစွဲရတဲ့နေ့မှာ မဖြစ်မနေသွားရမယ်ဆိုရင်လည်း အများပြည်သူသုံးယာဉ်တွေကို အသုံးပြုနိုင်ပါတယ်။ အများပြည်သူသုံးယာဉ်တွေကို အသုံးမပြုချင်ရင်လည်း အငှားမော်တော်ယာဉ်တွေကို ငှားရမ်းစီးနင်းနိုင်ပါတယ်။ တကယ်တော့ အခက်အခဲမရှိတဲ့အပြင် အကျိုးရလဒ်များစွာရှိနေပါတယ်။ ယခုအခြေအနေမှာ အချို့နိုင်ငံတွေအနေနဲ့ အရန်စက်သုံးဆီ တစ်ပတ်စာခန့်သာရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အရန်စက်သုံးဆီ ရက် ၄၀ စာခန့် အလုံအလောက်ရှိတဲ့အပြင် "စုံ"ရက်၊ "မ"ရက် စီမံချက်ကို လိုက်နာဆောင်ရွက်ခြင်းအားဖြင့် စက်သုံးဆီအတွက် ပူပန်စရာအကြောင်း လုံးဝရှိမှာမဟုတ်တာ သေချာပါတယ်။ စက်သုံးဆီရောင်းချတာနဲ့ ပတ်သက်လို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေက အရောင်းဆိုင်တွေမှာဆီလက်ကျန် အမှန်တကယ်ရှိ/မရှိနဲ့ သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချခြင်းရှိ/မရှိ စစ်ဆေးပေးလျက်ရှိပါတယ်။**

စက်သုံးဆီနဲ့ပတ်သက်တဲ့ လုပ်ငန်းရှင်တွေအနေနဲ့ သတ်မှတ်ထားတဲ့ စည်းကမ်း၊ အမိန့် ညွှန်ကြားချက်တွေကို လိုက်နာဆောင်ရွက်ဖို့နဲ့ ပြည်သူတွေအနေနဲ့ ယခုလိုနွေရာသီကာလမှာ စက်သုံးဆီကို ဝယ်ယူစုဆောင်း သိမ်းဆည်းထားခြင်း မပြုလုပ်ဖို့လိုအပ်ပါတယ်။ မော်တော်ယာဉ်အသုံးပြုသူတွေအနေနဲ့ "စုံ"ရက်၊ "မ"ရက်ခွဲခြားသတ်မှတ်တဲ့ အစီအစဉ်ကို တိတိကျကျလိုက်နာဆောင်ရွက်ဖို့နဲ့ လက်တစ်လုံးခြား မပြုလုပ်ဖို့လိုပါတယ်။ စည်းကမ်း ဥပဒေကို ဖောက်ဖျက်ပါက ပြဋ္ဌာန်းထားတဲ့ဥပဒေနဲ့အညီ အရေးယူခံရနိုင်တာကိုလည်း အထူးသတိပြုဖို့လိုပါတယ်။ စက်သုံးဆီ ချွေတာသုံးစွဲခြင်းဟာ မိမိအတွက်ရော၊ အများပြည်သူအတွက်ပါ အကျိုးရှိစေရုံသာမက ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရာရောက်တဲ့အတွက် နိုင်ငံတော်က အကောင်းဆုံးစီမံဆောင်ရွက်တဲ့ "စုံ"ရက်၊ "မ"ရက် ယာဉ်အသုံးပြုတဲ့အစီအစဉ်မှာ ကြည်ဖြူစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ အသိပေးနှိုးဆော်အပ်ပါတယ်။ ။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနား တက်ရောက်



နေပြည်တော် မတ် ၈

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဇနီး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်အမျိုးသမီးကော်မတီဝင်များ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးကော်မတီဥက္ကဋ္ဌများ၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့၊ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ နေပြည်တော်အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ဆောင်ပုဒ်မှာ **"Rights. Justice. Action. For All Women and Girls" "တရားမျှတမှုနဲ့ အခွင့်အရေးများရရှိရေး အမျိုးသမီးများအားလုံးအတွက် ဆောင်ရွက်ပေး"** ဖြစ်ကြောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း NSPAW ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ထိရောက်အောင်မြင်ရန်အတွက် Phase II (၂၀၂၃-၂၀၃၂)ကို ဦးဆောင်ကော်မတီတစ်ရပ်နှင့် လုပ်ငန်းကော်မတီ(၁၂)ရပ် ဖွဲ့စည်းပြီး ရေးဆွဲခဲ့ကြောင်း၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနား ကျင်းပခြင်းဖြင့် အမျိုးသမီးများ၏ အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေးဆိုင်ရာလုပ်ငန်းများ၏ အရေးကြီးမှုကို ပိုမိုထင်ဟပ်ပေါ်လွင်စေခြင်း၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်အကြမ်းဖက်မှုမှ ကြိုတင်ကာကွယ်နိုင်ခြင်းနှင့် စောင့်ရှောက်မှုများပေးနိုင်ခြင်းဖြင့် ယခုနှစ်ဆောင်ပုဒ်နှင့်အညီ အမျိုးသမီးများ၏စွမ်းရည်များ မြှင့်တင်ပေးနိုင်ပါစေကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမျိုးသမီးငယ်ရွယ်စွမ်းဆောင်ရည်ဆု ရရှိသူများအားလည်းကောင်း၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သီတာဇင်က ASEAN Award 2025 ဆု ရရှိသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဗီဒီယိုကလစ်ကို ပြသသည်။

ယင်းနောက် ပျဉ်းမနားခရိုင် အမျိုးသမီးရေးရာအဖွဲ့က အလှကမ္ဘာမြေ၊ မမကိုယ်တိုင်က၊ ဇေယျာသီရိမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ချင်းတို့ဌာနေနှင့် နေပြည်တော်ကလေးပြုစုရေးဌာန သမီးငယ်လေးများက ရက်မြတ်မင်္ဂလာ စသည့်တေးသီချင်းတို့ဖြင့် ကပြဖျော်ဖြေတင်ဆက်ကြရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပဲခူးမြို့၌ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ပဲခူး မတ် ၈

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားပြီး ကမ္ဘောဒီယားနိုင်ငံ၌ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၁ ရက်က ကျင်းပသည့် အာဆီယံအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်ဆုပေးပွဲအခမ်းအနားတွင် အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်ဆုရရှိခဲ့သည့် ပြည်မြို့မှ ဒေါ်ကြူကြူသန်းအား ဂုဏ်ပြုလက်မှတ် ချီးမြှင့်ပေးအပ်သည်။

ထို့နောက် အခမ်းအနားအစီအစဉ်များအတိုင်း ဖျော်ဖြေရေးအဖွဲ့များက တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က သီဆိုဖျော်ဖြေခဲ့ကြသည့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့သည် တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ NGO များနှင့်အတူ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အမှာစကားဗီဒီယိုနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းဗီဒီယိုတို့ကို ကြည့်ရှုကြပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# လှိုင်ကော်မြို့၌ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနား ကျင်းပ

လှိုင်ကော် မတ် ၈

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လှိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆုရထူးချွန်အမျိုးသမီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်ဦးစိန်ဦးက အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားအတွက် ထောက်ပံ့ငွေပေးအပ်ကာ စစ်ရေးပြထူးချွန်ဆု၊ သင်တန်းသူစံပြဆုနှင့် လူရည်ချွန်ဆု ရရှိခဲ့ကြသည့် ထူးချွန်အမျိုးသမီးများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ထူးချွန်ဆုရရှိသည့် အမျိုးသမီးများအား ဆုများ ပေးအပ်ချီးမြှင့်ပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လူငယ်ရေးရာဦးစီးဌာနက ထောက်ပံ့သည့် အသက်မွေးဝမ်းကျောင်း ပညာသင်စရိတ်များကို သက်ဆိုင်ရာကိုယ်စားလှယ်များထံ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် လှိုင်ကော် မူလတန်းကြိုကျောင်းနှင့် လှိုင်ကော်သူနာပြုနှင့် သားဖွားသင်တန်းကျောင်းတို့မှ အကအဖွဲ့များက တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြပြီး ဖျော်ဖြေပေးကြသည့်အဖွဲ့များအား ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနား ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)





# ဘားအံမြို့၌ မီးလောင်ကျွမ်းမှု Fire Hotspots လျှော့ချရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေး အသိပညာပေးဆောင်ရွက်

ဘားအံ မတ် ၈

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် တောမီးနှင့် အခြားမီးများကြောင့် လောင်ကျွမ်းမှုအရေအတွက်များနေခြင်းအား လျှော့ချနိုင်ရေးအတွက် ယမန်နေ့နံနက်ပိုင်းက ပေါ့ထော်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ တောင်သူအသိပညာပေးဟောပြောပွဲ ဆောင်ရွက်သည်။

ထိုသို့ အသိပညာပေးဆောင်ရွက်ရာတွင် ဘားအံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ တောင်သူအသိပညာပေး "Fire Hotspot လျှော့ချရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ




ရန်ကုန် မတ် ၈

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်း စင်တာ(MCC) ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး UN Message Video Clip နှင့် မြန်မာနိုင်ငံ၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ Video Clip တို့ကို ပြသသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က (၂၂)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးတွင် ချီးမြှင့်သော ၂၀၂၅ ခုနှစ်အတွက် လွှမ်းခြုံမှုနှင့် စွမ်းဆောင်မှုအကောင်းဆုံး ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ချီးမြှင့်သော ကျန်းမာရေးကဏ္ဍလှုပ်ရှားမှု ထူးချွန်ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးတို့က စီးပွားရေး ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဥပဒေချုပ်တို့က ပညာရေးကဏ္ဍတွင် ထူးချွန်ဆုရရှိသူများ၊ အင်ဒိုနီးရှားနိုင်ငံတွင်ကျင်းပသည့် (၈)ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ် ပြိုင်ပွဲ၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၃)ကြိမ်မြောက် အရှေ့တောင်အာရှ မသန်စွမ်းအားကစားပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ်များအတိုင်း တေးသီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြပြီး တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာအဆင့် အာကာသ (ပန်းချီ၊ ကာတွန်း၊ ပိုစတာ) နွေရာသီပြိုင်ပွဲတွင်ဆုရရှိသူများ၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အကြို အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခြင်း၊ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခြင်းတို့ကို ဆောင်ရွက်ကြပြီး တက်ရောက်လာကြသူများသည် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယမန်နေ့ကလည်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့်အတူ သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ ချစ်ကြည်ရင်းနှီးမှုတွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီးက ဂုဏ်ပြုနှုတ်ခွန်းဆက် စကားပြောကြားကာ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းသည်။

ယင်းနောက် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)မှအဖွဲ့များ၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသား တိုင်းရင်းသူများက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနား ကျင်းပ





နေပြည်တော် မတ် ၈

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၂၃) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးနှင့်ဇနီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် **ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန် ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီ**တို့မှ ကော်မတီဝင် ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အမျိုးသမီးကော်မတီ ဥက္ကဋ္ဌနှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသမီးအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ယခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဆောင်ပုဒ်မှာ"တရားမျှတမှုနဲ့ အခွင့်အရေးများရရှိရေး အမျိုးသမီးများအားလုံးအတွက် ဆောင်ရွက်ပေး" ဖြစ်ပါကြောင်း၊ ဆောင်ပုဒ်၏ဆိုလိုချက်အရ အမျိုးသမီးများနှင့် ပတ်သက်ပြီး တန်းတူညီမျှမှုနှင့် တရားမျှတမှုရရှိစေရန်၊ ဥပဒေပြဋ္ဌာန်းချက်များကို သိရှိပြီး လေးစားလိုက်နာစေရန်၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် အတားအဆီးများကို ဖယ်ရှားစေပြီး အနာဂတ် တိုးတက် မြင့်မားစေရန်အတွက် လုပ်ဆောင်ကြရမည် ဖြစ်ပါကြောင်း။

**အကောင်အထည်ဖော်ဆောင်ရွက်**

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက် ပန်းတိုင် အမှတ်(၅)ဖြစ်သည့် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရေး လုပ်ငန်းစဉ်များ၊ ကမ္ဘာ့အမျိုးသမီး ညီလာခံနှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များ၊ လုပ်ငန်း အစီအစဉ်များကို နိုင်ငံတော်၏ မူဝါဒနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၆ ခုနှစ် ကမ္ဘာ့လူဦးရေသည် သန်း ၈၀၀၀ ကျော် ရှိသည့်အနက် အမျိုးသမီးဦးရေသည် ၄၉ ဒသမ ၇၄ ရာခိုင်နှုန်းရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်ထောင်စု အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ စုစုပေါင်းလူဦးရေမှာ ၅၁ ဒသမ ၄ သန်းရှိပြီး အမျိုးသမီးဦးရေသည် ၅၃ ရာခိုင်နှုန်းရှိပါကြောင်း၊ မြန်မာအမျိုးသမီးများသည် ရှေးအစဉ်အလာကတည်းက အမျိုးသားများနည်းတူ သာတူညီမျှ လူ့အခွင့်အရေးများကို ယနေ့အထိ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီစွာ ခံစားနေကြရသည်ကို အားလုံးလည်း သိရှိပြီးဖြစ်ပါကြောင်း၊ ကျား၊ မ တန်းတူညီမျှမှုနှင့် အမျိုးသမီးများအားလုံး စွမ်းပကားမြင့်မားရေး ဆောင်ရွက်ချက်များကို ထိရောက်အောင်မြင်နိုင်ရန် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပုံစံ အားလုံးကို အဆုံးသတ်စေရေး လုပ်ငန်းစဉ်များသည်လည်း အဓိကအရေးပါကြောင်း။

အကြမ်းဖက်မှုကြုံတွေ့ရပါက လိုအပ်သည့် ဝန်ဆောင်မှုများ လက်လှမ်းမီ ရရှိနိုင်ရေးအတွက် သတင်းပို့တိုင်ကြားနိုင်ရန် Helpline ဖုန်း ၁၅၆၆ ဖြင့် ၂၄ နာရီ ဝန်ဆောင်မှု ပေးလျက်ရှိပါကြောင်း၊ မြန်မာအမျိုးသမီးထုကြီး အားလုံး၏ အခွင့်အရေးများ အပြည့်အဝ ရရှိခံစားနိုင်စေရေးနှင့် နိုင်ငံတကာနှင့် ထားရှိသည့် ကတိကဝတ်များ၊ စီမံချက်များကို အကောင်အထည်ဖော်နိုင်ရန် ဝန်ကြီးဌာနအသီးသီးနှင့် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးက ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာ စီမံကိန်း (NSPAW)ပါ နယ်ပယ်များနှင့် ချိတ်ဆက်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာနှင့် မြန်မာနိုင်ငံ၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်သူများသည် ခင်းကျင်းပြသထားသော အမျိုးသမီးကျောင်းများနှင့် အမျိုးသမီးအဖွဲ့အစည်းများ၏ ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ သစ်တောကျောင်းဆင်းများအဖွဲ့ တတိယအကြိမ် တွေ့ဆုံ

ပျဉ်းမနား မတ် ၈

မြန်မာနိုင်ငံ သစ်တောကျောင်းဆင်းများအဖွဲ့(MFSAG)၏ တတိယအကြိမ် စုပေါင်းတွေ့ဆုံပွဲကို မတ် ၇ ရက်က နေပြည်တော် ပျဉ်းမနားမြို့ ရွာကောက်ရပ် သောကြာဆွမ်းလောင်းအသင်းဓမ္မာရုံ၌ ပြုလုပ်သည်။

ဦးစွာ အဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလွင်က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးဇော်မြင့်ထွန်းက တစ်နှစ်တာဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တွဲဖက်အတွင်းရေးမှူး(ပြန်ကြားရေးတာဝန်ခံ) ဦးတင်စိုး၊ ဘဏ္ဍာရေးမှူး ဦးကြည်စိုးတို့က ကဏ္ဍအလိုက်ဆွေးနွေးတင်ပြခဲ့ရာ အမှုဆောင်များက အဖွဲ့ရေရှည်တည်တံ့တိုးတက်ရေးအတွက် ဆွေးနွေးကြပြီး နှစ်ဦးအကြိုအဖြစ် အသက် ၇၇ နှစ်မှ နှစ် ၉၀ ရှိ ကျောင်းဆင်းနောင်တော်ကြီးလေးဦးအား စုပေါင်းကန်တော့ခဲ့ကြသည်။

**သျှင်ဝင်းသျှင်**

# ပြည်သူ့ကိုယ်စားလှယ်များ

အငြိမ်းစားဥပဒေအရာရှိတစ်ဦး

**ဒီမိုကရေစီကျင့်သုံးသော နိုင်ငံများတွင် အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပါသည်။ ထိုအချုပ်အခြာအာဏာကို နိုင်ငံသားများက ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များ (Members of Parliament) က ခံယူကျင့်သုံးကြပါသည်။**

ဒီမိုကရေစီဆိုသည်မှာ ပြည်သူများ၏ အာဏာအပ်နှင်းခြင်းခံရသောအစိုးရက ပြည်သူများ ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်များဖြင့် အချုပ်အခြာအာဏာကို ကျင့်သုံးသည့်စနစ်ဖြစ်ပါသည်။ ပြည်သူများ ရွေးကောက်တင်မြှောက်သောပုဂ္ဂိုလ်များသည် ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပါသည်။ ထိုပြည်သူ့ကိုယ်စားလှယ်များစုဝေးပြီး အစည်းအဝေးကျင်းပသည့်နေရာကို လွှတ်တော်ဟု အသိအမှတ်ပြုကြပါသည်။

ကမ္ဘာ့နိုင်ငံအများစုတွင် လွှတ်တော်ကဲ့သို့သော အဖွဲ့အစည်းကို ပါလီမန် (Parliament) ဟု ခေါ်ဆိုကြပါသည်။ ဂျပန်နိုင်ငံတွင် Diet ဟုလည်းကောင်း၊ အမေရိကန်နိုင်ငံတွင် Congress ဟုလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် The National People’s Congress ဟုလည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ဒူးမား (Duma)ဟုလည်းကောင်း ခေါ်ဆိုကြပါသည်။

အချို့သောနိုင်ငံများတွင် လွှတ်တော်နှစ်ရပ် (Bicameral) စနစ်ကျင့်သုံးပြီး အချို့သောနိုင်ငံများတွင် လွှတ်တော်တစ်ရပ် (Unicameral) စနစ်ကို ကျင့်သုံးကြပါသည်။ မြန်မာနိုင်ငံသည် ပြည်ထောင်စုလွှတ်တော်ကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ် ပေါင်းစည်းထားသည့် Bicameral စနစ်ကို ကျင့်သုံးပါသည်။ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်လည်း တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ်လွှတ်တော်များကို ဖွဲ့စည်းထားပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏အရေအတွက်နှင့် အရည်အချင်းကို သက်ဆိုင်ရာနိုင်ငံအသီးသီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ပြဋ္ဌာန်းသတ်မှတ်ထားရှိပါသည်။

နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဥပဒေပြုရေး၊ အုပ်ချုပ်ရေး (စီမံခန့်ခွဲရေး) နှင့် တရားစီရင်ရေးဟု ကဏ္ဍကြီးသုံးရပ် ပိုင်းခြားကျင့်သုံးကြပါသည်။ ဥပဒေပြုရေးအာဏာကို ဥပဒေပြုအဖွဲ့ (Legislature) က ကိုင်တွယ်ကျင့်သုံးပါသည်။ မြန်မာနိုင်ငံတွင် ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်က ကျင့်သုံးပါသည်။ ထိုအဖွဲ့များကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများက ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်များ (Members of Parliament) ဖြင့် ဖွဲ့စည်းထားပါသည်။ ထိုအဖွဲ့အစည်းများ၏ အဓိကတာဝန်မှာ ဥပဒေပြုခြင်း (Legislation) ဖြစ်ပါသည်။ ဥပဒေပြုရာတွင် သက်ဆိုင်ရာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေပြုရေးနှင့်ဆက်စပ်သော ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရပါသည်။ ဥပဒေပြုအဖွဲ့ (မြန်မာနိုင်ငံတွင် ပြည်ထောင်စုလွှတ်တော်ကဲ့သို့ အဖွဲ့အစည်း) က အတည်ပြုပြီးသောအခါ သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ကြေညာရပါသည်။

ပြည်သူများက ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်များ (Members of Parliament) ၏ တာဝန်များမှာ သက်ဆိုင်ရာနိုင်ငံများ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေများအရ အနည်းငယ်ကွဲပြားမှုရှိသော်လည်း အခြေခံကျသည့်တာဝန်များမှာ တူညီမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**ဥပဒေပြုရေးတာဝန်**

ပြည်သူ့ကိုယ်စားလှယ်များ (လွှတ်တော်ကိုယ်စားလှယ်များ) ၏ အဓိကကျသောတာဝန်မှာ ဥပဒေပြုရေးဖြစ်ပါသည်။ နိုင်ငံတော်တွင် ပြဋ္ဌာန်းရန် လိုအပ်သောဥပဒေများကို အဆိုပြုခြင်း၊ ထိုအဆိုပြုသည့် ဥပဒေများကို ဆွေးနွေးခြင်းနှင့် ဆန္ဒမဲပေးခြင်း၊ တည်ဆဲဥပဒေများကို ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း (ပယ်ဖျက်ခြင်း)၊ အစားထိုးခြင်း စသည့် ဥပဒေပြုရေးတာဝန်ကို ထမ်းဆောင်ကြရပါသည်။

**ကိုယ်စားပြုခြင်း**

ပြည်သူ့ကိုယ်စားလှယ်များသည် မိမိတို့အား ရွေးကောက်တင်မြှောက်လိုက်သည့် မဲဆန္ဒနယ်များမှ မဲဆန္ဒရှင်များကို ကိုယ်စားပြုရန် လိုအပ်ပါသည်။ ရွေးကောက်ပွဲမတိုင်မီကာလက မိမိတို့အား ရွေးကောက်တင်မြှောက်လိုက်သည့် မဲဆန္ဒနယ်များမှ မဲဆန္ဒရှင်များအား မဲဆွယ်စည်းရုံးခြင်းနှင့် လိုအပ်သည်များကို ဆောင်ရွက်ပေးခြင်းများ ပြုခဲ့ကြပါသည်။ ရွေးကောက်ပွဲ အနိုင်ရရှိပြီးသည့်အခါတွင်လည်း မဲဆန္ဒရှင်များနှင့်တွေ့ဆုံပြီး မဲဆန္ဒရှင်များ၏ လိုအပ်ချက်များနှင့် မိမိမဲဆန္ဒနယ်များ ဖွံ့ဖြိုးတိုးတက်မှုကို အတတ်နိုင်ဆုံး ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာလွှတ်တော်သို့ တင်ပြပေးနိုင်ရေးအတွက် မဲဆန္ဒရှင်များအား ကိုယ်စားပြုရန် လိုအပ်ပါသည်။

**အပြန်အလှန်စစ်ဆေးကြပ်မတ်ခြင်း**

နိုင်ငံတော်၏ အချုပ်အခြာအာဏာသုံးရပ်အား ခွဲဝေပိုင်းခြားကျင့်သုံးသည့်မူ (Principle of Separation of Power) ကို ကမ္ဘာ့နိုင်ငံအများစုတွင် ကျင့်သုံးကြပါသည်။ ထို့ပြင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး (စီမံခန့်ခွဲရေး)နှင့် တရားစီရင်ရေး ကဏ္ဍကြီးသုံးရပ်သည် တစ်ခုနှင့်တစ်ခု အပြန်အလှန်ထိန်းကျောင်းသည့် (Check and Balance) မူကို ကျင့်သုံးကြပါသည်။ ထို့ကြောင့် ဥပဒေပြုရေးကဏ္ဍမှ လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးကဏ္ဍ (စီမံခန့်ခွဲရေး)နှင့် တရားစီရင်ရေးကဏ္ဍတို့ကို စိစစ်သုံးသပ်မှုများ ပြုရပါသည်။

> **ဒီမိုကရေစီဆိုသည်မှာ ပြည်သူများ၏ အာဏာအပ်နှင်းခြင်းခံရသော အစိုးရက ပြည်သူများ ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်များဖြင့် အချုပ်အခြာအာဏာကို ကျင့်သုံးသည့်စနစ်ဖြစ်ပါသည်။ ပြည်သူများ ရွေးကောက်တင်မြှောက်သောပုဂ္ဂိုလ်များသည် ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပါသည်။ ထိုပြည်သူ့ကိုယ်စားလှယ်များစုဝေးပြီး အစည်းအဝေးကျင်းပသည့်နေရာကို လွှတ်တော်ဟု အသိအမှတ်ပြုကြ**

ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များ၊ မူဝါဒများကို ပြန်လည်သုံးသပ်ခြင်း၊ ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ လွှတ်တော်တွင် မေးခွန်းများမေးမြန်းခြင်း၊ သက်ဆိုင်ရာစီမံခန့်ခွဲရေးနှင့် တရားစီရင်ရေးအဖွဲ့အစည်းများအား အစီရင်ခံစာများ တင်သွင်းစေခြင်း စသည့်နည်းလမ်းများဖြင့် ကဏ္ဍတစ်ရပ်နှင့်တစ်ရပ် အပြန်အလှန်ထိန်းကျောင်းမှုပြုရပါသည်။

**ကော်မတီလုပ်ငန်းများ**

ပါလီမန်များ၊ လွှတ်တော်များတွင် သက်ဆိုင်ရာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေများအရ ကော်မတီများ၊ ကော်မရှင်များကို ဖွဲ့စည်းထားရှိပါသည်။ ဥပမာအားဖြင့် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လူ့အခွင့်အရေးကော်မတီ၊ ကျန်းမာရေးနှင့်သက်ဆိုင်သောကော်မတီ၊ ပညာရေးနှင့်သက်ဆိုင်သော ကော်မတီ၊ အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးနှင့်သက်ဆိုင်သော ကော်မတီ၊ ပြည်သူများ တိုင်ကြားစာကော်မတီ၊ စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ တောင်သူလယ်သမားရေးရာကော်မတီ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များရေးရာ ကော်မတီစသည်ဖြင့် ကော်မတီများကို ဖွဲ့စည်းလေ့ရှိပါသည်။ ပြည်သူ့ကိုယ်စားလှယ်များ (လွှတ်တော်ကိုယ်စားလှယ်များ) သည် ထိုကော်မတီများတွင် ပါဝင်ဆောင်ရွက်ရန် တာဝန်ရှိပါသည်။

**ပါတီလုပ်ငန်းတာဝန်များ**

ပြည်သူ့ကိုယ်စားလှယ်များတွင် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များရှိသကဲ့သို့ ပါတီကိုယ်စားပြုရွေးချယ်ခံရသည့် ကိုယ်စားလှယ်များလည်း ရှိပါသည်။ ပါတီကိုယ်စားပြုကိုယ်စားလှယ်များသည် မိမိတို့ကိုယ်စားပြုသည့်နိုင်ငံရေးပါတီ၏ လုပ်ငန်းတာဝန်များကိုလည်း ထမ်းဆောင်ရပါသည်။ သို့ရာတွင် သက်ဆိုင်ရာဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်အရ သတ်မှတ်ထားသော နိုင်ငံတော်တာဝန်များ (ဥပမာ– ဝန်ကြီးအဖြစ် ခန့်အပ်ခံရခြင်း) ပေးအပ်ခြင်းခံရပါက ၎င်းကိုယ်စားပြုသည့် နိုင်ငံရေးပါတီ၏တာဝန်များကို ထိုခန့်အပ်ခြင်းခံရသည့် နိုင်ငံတော်တာဝန် ထမ်းဆောင်နေသည့်ကာလအတွင်း ဆောင်ရွက်ခွင့်မရှိပါ။

**မြန်မာနိုင်ငံ၏လွှတ်တော်ကိုယ်စားလှယ်များ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ ပြည်ထောင်စုလွှတ်တော်၏ အဓိကတာဝန်မှာ ဥပဒေပြုခြင်းဖြစ်ပါသည်။ ပြည်ထောင်စုလွှတ်တော်သည် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုတစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ ပြည်ထောင်စု၏ တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း ဥပဒေပြုခွင့်ရှိပါသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေကြမ်းများကို တင်သွင်းခွင့်ရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်မှာ ဥပဒေပြုရေးလုပ်ငန်းဖြစ်ပါသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းတို့ပြုသည်ဟု ပြဋ္ဌာန်းထားပါသည်။ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အုပ်ချုပ်ရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍကို အပြန်အလှန်ထိန်းကျောင်းခြင်းပြုပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အဆိုများ တင်သွင်းခြင်း၊ မေးခွန်းများမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာများတင်သွင်းခြင်း စသည့်နည်းလမ်းများကို ကျင့်သုံးပါသည်။

လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမဲဆန္ဒနယ်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ပြီး မဲဆန္ဒရှင်ပြည်သူများနှင့် အစဉ်ထိတွေ့နေရန် လိုအပ်ပါသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အစိုးရအာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့ကို ဖွဲ့စည်းထားရှိပါသည်။ ထို့ပြင် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကို တင်ပြရန် လိုအပ်ပါက လွှတ်တော်ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ထိုကဲ့သို့သော အဖွဲ့အစည်းများတွင်လည်း တာဝန်ပေးအပ်ခြင်းခံရပါက ပါဝင်ဆောင်ရွက်ရပါသည်။

၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များကို ဖွဲ့စည်းထားရှိပါသည်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာလွှတ်တော်ဥပဒေများတွင် ပြဋ္ဌာန်းထားသည့် တာဝန်များကို ထမ်းဆောင်ရပါသည်။

**ပြည်သူ့ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍ**

ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံကိုတည်ဆောက်ပြီး အာဏာကို ခွဲဝေကျင့်သုံးကြပါသည်။ အချုပ်အခြာအာဏာတွင်ပါရှိသော ဥပဒေပြုအာဏာကို ပါလီမန်ကဲ့သို့သော အဖွဲ့အစည်းက ခံယူကျင့်သုံးပါသည်။ ထိုပါလီမန်တွင် တက်ရောက်ရမည့်ကိုယ်စားလှယ်များကို သက်ဆိုင်ရာနိုင်ငံ၏ အခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော ပြည်သူများ၏ လွတ်လပ်သောဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်ပါသည်။

ထိုသို့ ပြည်သူများ ရွေးကောက်တင်မြှောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်များက နိုင်ငံတော်၏ အကြီးအကဲကို ရွေးကောက်တင်မြှောက်ပါသည်။ (အချို့သောနိုင်ငံများတွင် နိုင်ငံတော်သမ္မတကို ပြည်သူများက တိုက်ရိုက်ဆန္ဒမဲပေးသည့်စနစ်ဖြင့် ရွေးကောက်တင်မြှောက်ပါသည်။) အလားတူပင် သက်ဆိုင်ရာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော ပါလီမန်က နိုင်ငံတော်၏ အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများ၏ တာဝန်ရှိပုဂ္ဂိုလ်များကိုလည်း ခန့်အပ်တာဝန်ပေးပါသည်။

ပြည်သူ့ကိုယ်စားလှယ်များသည် အဓိကအားဖြင့် ဥပဒေပြုရေးတာဝန်ကို ထမ်းဆောင်ရသည့်အပြင် အချုပ်အခြာအာဏာ၏ အစိတ်အပိုင်းများဖြစ်သော ဥပဒေပြုရေးကဏ္ဍ၊ စီမံခန့်ခွဲရေး(အုပ်ချုပ်ရေး) ကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍတို့၏ အပြန်အလှန် ထိန်းကျောင်းခြင်းတာဝန်နှင့် ပြည်သူကို ကိုယ်စားပြုခြင်းတာဝန်တို့ကို ထမ်းဆောင်ကြရပါသည်။ ထို့ကြောင့် နိုင်ငံတိုင်းတွင် ပြည်သူ့ကိုယ်စားလှယ်များသည် အလွန်အရေးကြီးသော ပုဂ္ဂိုလ်များဖြစ်ပါသဖြင့် ထိုပြည်သူ့ကိုယ်စားလှယ်များ၏ တာဝန်နှင့်အခန်းကဏ္ဍကို အကျဉ်းချုပ်လေ့လာတင်ပြခြင်းဖြစ်ပါသည်။ ။







# မုံရွာမြို့၌ "အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့"အခမ်းအနားနှင့် ကန်သာယာညဈေးဖွင့်ပွဲ ကျင်းပ

**မုံရွာ မတ် ၈**

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချင်းတွင်းခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာမများနှင့် ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များသည် အမျိုးသမီးထုကြီး၏အင်အားနှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် အမျိုးသမီးကဏ္ဍမြှင့်တင်ပေးမည့် မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ လုပ်ငန်းယန္တရားများ အားကောင်းလာစေရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့ တိုင်းဒေသကြီးအနေဖြင့် ခေတ်သစ် ဒီမိုကရေစီ နိုင်ငံတော်အသွင်ကူးပြောင်းကာလအတွင်း အမျိုးသမီးများ၏ အခန်းကဏ္ဍကို တစ်ဆင့်ထက်တစ်ဆင့် မြင့်မားတိုးတက်စေရန်၊ တန်းတူအခွင့်အရေး ရရှိစေရန်အတွက် အမျိုးသမီးစွမ်းရည် မြှင့်တင်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့်ဥက္ကဋ္ဌတို့က မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ပေးအပ်သည့် "လုပ်ငန်းစွမ်းဆောင်မှုနှင့် လွှမ်းခြုံမှုအကောင်းဆုံး" ဒုတိယဆုတံဆိပ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ အပ်နှံကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုဆုလက်မှတ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပြန်လည်ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်က ပေးပို့သည့် သဝဏ်လွှာ Video Massages နှင့် မြန်မာနိုင်ငံအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သမိုင်းမှတ်တိုင်များ Video Clip တို့ကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက တိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့၏ လုပ်ငန်းစွမ်းဆောင်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မုံရွာမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ ကျောင်းသူများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် ဥက္ကဋ္ဌတို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ခင်းကျင်းပြထားသည့် အိမ်တွင်းမှုလက်ရာပစ္စည်းများနှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၏ ခရိုင်နှင့် မြို့နယ်များ၌ လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

ညနေပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် (၈၁)နှစ်မြောက်၊ တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မုံရွာမြို့ ကန်သာယာညဈေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် မုံရွာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌတို့က ကန်သာယာညဈေးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနား တက်ရောက်

**မကွေး မတ် ၈**

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှတာဝန်ရှိသူများ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့နာယက၊ တိုင်းဒေသကြီး အမျိုးသမီးကော်မတီဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

**တိုက်တွန်းပြောကြား**

ဦးစွာ မကွေးမူကြိုကလေးငယ်များက "လှမ်းခဲ့ပါဆွေ ဖန်ခါးမြေ" သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ယနေ့ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အတွက်



ဆောင်ပုဒ်မှာ "တရားမျှတမှုနဲ့ အခွင့်အရေးများရရှိရေး အမျိုးသမီးများအားလုံးအတွက် ဆောင်ရွက်ပေး (Rights. Justice. Action. For All Women and Girls)" ဖြစ်ကြောင်း၊ ယခုနှစ်ဆောင်ပုဒ်အတိုင်း တန်းတူညီမျှမှုရှိစေရေး၊ ခွဲခြားပစ်ပယ်ခြင်းကင်းစေရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များနှင့်အညီ ကျား၊ မတန်းတူညီမျှမှုကို မြှင့်တင်ပေးရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သမိုင်းမှတ်တိုင်ဗီဒီယိုနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်က ပေးပို့လာသည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်ဗီဒီယိုတို့ကို ကြည့်ရှုကြသည်။

ယင်းနောက် မကွေးမူကြိုကလေးငယ်လေးများက "ရေအိုးကိုယ်စီ" သီချင်း၊ ကလေးပြုစုရေးဌာနက "အောင်ပါစေ"သီချင်း၊ မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ သမီးပျိုလေးများက "ဗမာမလေးပါရှင့်" သီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ဖျော်ဖြေတင်ဆက်ခဲ့ကြသော သားငယ်၊ သမီးငယ်လေးများနှင့်သမီးပျိုလေးများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# နီပေါနိုင်ငံရွေးကောက်ပွဲ၌ RSP ပါတီအကြီးအကဲ ဘာလန်ဒရာရှာ ထောက်ခံမဲအသာစီးဖြင့် အနိုင်ရ

ခတ္တမန္ဒူ မတ် ၈

နီပေါနိုင်ငံရွေးကောက်ပွဲ၌ Rastriya Swatantra Party (RSP) ပါတီအကြီးအကဲ ဘာလန်ဒရာရှာက နီပေါကွန်မြူနစ်ပါတီ (UML) ၏ ဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်ဟောင်း ရှာမာအိုလီကို ထောက်ခံမဲအသာစီးဖြင့် အနိုင်ရရှိခဲ့ကြောင်း နီပေါရွေးကောက်ပွဲကော်မရှင်က ယမန်နေ့တွင် တရားဝင်ကြေညာခဲ့သည်။

ခတ္တမန္ဒူ မြို့တော်ဝန်ဟောင်း ဘာလန်ဒရာရှာက ထောက်ခံမဲ ၆၈၃၄၈ မဲ ရရှိခဲ့ပြီး ရှာမာအိုလီက ထောက်ခံမဲ ၁၈၇၃၄ မဲသာ ရရှိခဲ့သည်။



ဘာလန်ဒရာရှာက ခတ္တမန္ဒူမြို့တော်၌ မွေးဖွားကြီးပြင်းခဲ့သော်လည်း ရှာမာအိုလီ၏ မွေးရပ်ဒေသဖြစ်သော ဂျေပာပါမြို့ မဲဆန္ဒနယ် အမှတ် (၅) ၌ ဝင်ရောက်ရွေးချယ်ယှဉ်ပြိုင်ခဲ့သည်။

RSP ပါတီက မတ် ၅ ရက်တွင် ကျင်းပခဲ့သော အောက်လွှတ်တော် ရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရရှိဖွယ်ရှိသည်။

**အနိုင်ရရှိထား**

လက်ရှိအချိန်အထိ မဲဆန္ဒနယ် ၇၈ နေရာအနက် ၆၂ နေရာကို RSP ပါတီက အနိုင်ရရှိထားကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

# အရှေ့အလယ်ပိုင်းဒေသမှ ဂျပန်နိုင်ငံသားများအား တင်ဆောင်လာသည့် ပထမဆုံးလေယာဉ် ဂျပန်နိုင်ငံသို့ဆိုက်ရောက်

တိုကျို မတ် ၈

အရှေ့အလယ်ပိုင်း ဒေသတွင် ရောက်ရှိနေသည့် ဂျပန်နိုင်ငံသားများအား ကယ်ဆယ်ရန် ဂျပန်အစိုးရကငှားရမ်းထားသောစင်းလုံးငှား လေယာဉ်သည် အိုမန်နိုင်ငံမှ ဂျပန်နိုင်ငံ နာရီတာလေဆိပ်သို့ မတ် ၈ ရက် ည ၇ နာရီခွဲတွင် ဆိုက်ရောက်လာခဲ့ကြောင်း သိရသည်။




ဂျပန်အစိုးရသည် ကူဝိတ်၊ ဘာရိန်း၊ ကာတာ၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံများသို့ ရောက်ရှိနေသည့် ဂျပန်နိုင်ငံသားများကို အိုမန်နှင့် ဆော်ဒီအာရေဗျ နိုင်ငံများမှတစ်ဆင့် ဂျပန်နိုင်ငံသို့ စင်းလုံးငှား လေယာဉ်ဖြင့် ပြန်နိုင်ရေး ဆောင်ရွက်နေသည်။

ထို့ပြင် အရှေ့အလယ်ပိုင်းဒေသတွင် ရောက်ရှိနေသည့် ဂျပန်နိုင်ငံသားများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ လေယာဉ်တစ်စင်းအား မော်လ်ဒိုက်နိုင်ငံသို့ ထပ်မံစေလွှတ်ခဲ့ကြောင်း သိရသည်။

ကယ်ဆယ်ရေး လေယာဉ်စေလွှတ်ရန် ဂျပန်ကာကွယ်ရေး ဝန်ကြီး ကိုအိဇူမိ ရှင်ဂျီရိုက ညွှန်ကြားခဲ့ပြီးနောက် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်သည်။

**ပြောကြား**

ယခုကဲ့သို့ဆောင်ရွက်ရခြင်းမှာ ကယ်ဆယ်ရမည့်အရေအတွက်မှာ မူလက တွက်ချက်ထားသည်ထက်များ ပြားသောကြောင့် ဖြစ်သည်ဟု သိရသည်။ ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားများ နေရပ်သို့ပြန်လည်ရောက်ရှိရေးအတွက် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်နေကြောင်း သိရသည်။ ၎င်းကယ်ဆယ်ရေးခရီးစဉ်များတွင် သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များနှင့် ကလေးရှိသူများအား ဦးစားပေးမည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတေဂီ တိုရှီ မိတ်ဆုက ပြောကြားသည်။

ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကူဝိတ်၊ ဘာရိန်း၊ ကာတာနှင့် ယူအေအီးနိုင်ငံများရှိ ဂျပန်နိုင်ငံသားများအား ကုန်းလမ်းဖြင့် ဆော်ဒီအာရေဗျနှင့် အိုမန်သို့ ပို့ဆောင်ပြီး ၎င်းနိုင်ငံများမှ လေယာဉ်ဖြင့် ဂျပန်နိုင်ငံသို့ ပို့ဆောင်ပေးခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ

ဘာသာပြန်-စိုးသူရ

# အင်ဒိုနီးရှားနိုင်ငံ၌ အွန်လိုင်းဘေးကင်းရေး စည်းမျဉ်းသစ်များ ပြဋ္ဌာန်းမည်

ဂျကာတာ မတ် ၈

အင်ဒိုနီးရှားနိုင်ငံသည် ဆိုရှယ်မီဒီယာပလက်ဖောင်းများတွင် အသက် ၁၆ နှစ်အောက် သုံးစွဲသူများအတွက် အွန်လိုင်းဘေးကင်းရေး စည်းမျဉ်းသစ်များကို စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေးနှင့် ဒစ်ဂျစ်တယ်ရေးရာဝန်ကြီး မူယာ ဟာဖစ်ဒ်က ပြောကြားခဲ့သည်။

အဆိုပါစည်းမျဉ်းအရ အသက် ၁၆ နှစ်အောက် သုံးစွဲသူများသည် ဆိုရှယ်မီဒီယာပလက်ဖောင်းအချို့သို့ ဝင်ရောက်အသုံးပြုမှုအပေါ် ကန့်သတ်ချက်များ ချမှတ်ခံရမည်ဖြစ်ပြီး ယင်းစည်းမျဉ်းကို မတ် ၂၈ ရက်မှစတင်က အဆင့်ဆင့်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။



အသက် ၁၆ နှစ်အောက် သုံးစွဲသူများအတွက် ဆိုရှယ်မီဒီယာ အသုံးပြုခွင့်ကို ယာယီဆိုင်းငံ့ထားမည်ဖြစ်ပြီး ဆိုရှယ်မီဒီယာပလက်ဖောင်းများအားလုံး စည်းမျဉ်းလိုက်နာမှုများ ပြည့်စုံလာသည်အထိ အဆင့်ဆင့် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အန္တရာယ်ရှိ ဒစ်ဂျစ်တယ်ပလက်ဖောင်းများဟု သတ်မှတ်ထားသည့် ပလက်ဖောင်းများပေါ်ရှိ အသက် ၁၆ နှစ်အောက် သုံးစွဲသူများ၏ အကောင့်များကိုလည်း တဖြည်းဖြည်း ပိတ်သိမ်းသွားမည်ဖြစ်ပြီး တစ်တော့ခ်၊ ဖေ့စ်ဘွတ်နှင့် အင်စတာဂရမ်တို့လည်း အဆိုပါပလက်ဖောင်းများတွင်ပါဝင်ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

အစိုးရ၏ ပြောကြားချက်အရ အဆိုပါစည်းမျဉ်းများကို ပြဋ္ဌာန်းရခြင်းမှာ အန္တရာယ်ရှိသော အွန်လိုင်းအကြောင်းအရာများ၊ သူစိမ်းများနှင့် ဆက်သွယ်မှုများ၊ အွန်လိုင်းအမြတ်ထုတ်မှု၊ လိမ်လည်မှု၊ ဆိုက်ဘာအနိုင်ကျင့်မှုနှင့် အင်တာနက် အလွန်အကျွံသုံးစွဲမှုများကို ထိန်းချုပ်နိုင်ရန်ဖြစ်ပြီး လူငယ်အင်တာနက်သုံးစွဲသူများ၏ လုံခြုံရေးနှင့် ကောင်းကျိုးချမ်းသာကို ကာကွယ်ရန်ရည်ရွယ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

# ဒူဘိုင်းလေဆိပ်များက ခရီးသွားများ နေရပ်ပြန်ရန်အတွက် လေကြောင်းခရီးစဉ်ပေါင်း ၁၁၄၀ ကျော် စီမံဆောင်ရွက်ပေးခဲ့

ဒူဘိုင်း မတ် ၈

အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့တော်ရှိ လေဆိပ်များက ဒေသတွင်း လေကြောင်းသယ်ယူပို့ဆောင်ရေး အခက်အခဲများနှင့်ရင်ဆိုင်နေရချိန်တွင် ခရီးသွားများ နေရပ်သို့ပြန်လည်ရောက်ရှိနိုင်ရန်အတွက် ပြီးခဲ့သည့် ၈၄ နာရီအတွင်း လေကြောင်းခရီးစဉ်ပေါင်း ၁၁၄၀ ကျော်ကို စီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လေကြောင်းခရီးစဉ်များကို ဒူဘိုင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် Al Maktoum အပြည်ပြည်ဆိုင်ရာလေဆိပ်တို့မှ ပြေးဆွဲလျက်ရှိကြောင်း နိုင်ငံပိုင် လေဆိပ်အော်ပရေတာဖြစ်သည့် ဒူဘိုင်းလေကြောင်းလိုင်း၏ ပြောကြားချက်အရ သိရသည်။

မတ် ၂ ရက်မှ ၅ ရက်အထိ အဆိုပါလေဆိပ်နှစ်ခုမှ လေကြောင်းခရီးစဉ် ၅၀၀ ကျော် ပြေးဆွဲပျံသန်းခဲ့ပြီး နိုင်ငံပေါင်း ၈၀ ကျော်သို့ ခရီးသွားမည့် ခရီးသည်ပေါင်း ၁၀၅၀၀၀ ခန့်ကို ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ ခရီးသည်အရေအတွက်မှာလည်း နေ့စဉ် တိုးလာလျက်ရှိသည်။

လေကြောင်းခရီးစဉ်များကို နေ့စဉ် အချိန်ဇယားတွင် ထပ်မံထည့်သွင်းလျက်ရှိပြီး ခရီးသွားများအား ၎င်းတို့၏ လေကြောင်းလိုင်းများနှင့် တိုက်ရိုက်ဆက်သွယ်ကာ နောက်ဆုံးပျံသန်းမှုအခြေအနေများကို စစ်ဆေးရန် အကြံပြုထားကြောင်းလည်း ဒူဘိုင်းလေကြောင်းလိုင်းက ပြောကြားခဲ့သည်။

အရှေ့အလယ်ပိုင်း ပဋိပက္ခများဖြစ်ပွားပြီးနောက် အရှေ့အလယ်ပိုင်း ဒေသအချို့တွင် လေပိုင်နက်အသုံးပြုမှုကို ကန့်သတ်ခဲ့ကြောင်း သိရသည်။ ထို့ပြင် လက်တုံ့ပြန်တိုက်ခိုက်မှုများနှင့် လေကြောင်းဆိုင်ရာ ကြိုတင်ကာကွယ်ရေး အစီအမံများလည်း ကျယ်ပြန့်စွာ ဆောင်ရွက်ခဲ့ကြသည်။ ကြိုတင်ကာကွယ်ရေးအစီအမံအဖြစ် အာရပ်စော်ဘွားများပြည်ထောင်စုက ၎င်း၏ လေပိုင်နက်အချို့ကို ပိတ်ပင်ခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်



# ညှိနှိုင်းဆွေးနွေးမှုများမှတစ်ဆင့် ငြိမ်းချမ်းရေး ရရှိရေးဆောင်ရွက်မည်ဟု အာဖဂန်နစ္စတန် ကာကွယ်ရေးဝန်ကြီး ပြောကြား

ကဘူး မတ် ၈

အာဖဂန်နစ္စတန်နိုင်ငံအနေဖြင့် ပါကစ္စတန်နိုင်ငံနှင့် တိုက်ခိုက်မှုများဖြစ်ပွားခြင်းကို မလိုလားဘဲ ညှိနှိုင်းဆွေးနွေးမှုများမှတစ်ဆင့် ငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်မည်ဟု အာဖဂန်နစ္စတန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး မိုဟာမက် ရာကတ် မူဂျာဟစ်က ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံအနေဖြင့် တိုက်ခိုက်မှုများဖြစ်ခြင်းကို မလိုလားပဲ ကျူးကျော်တိုက်ခိုက်မှုများကိုသာ တုံ့ပြန်ခြင်းဖြစ်ကြောင်း ဒေသန္တရမီဒီယာတစ်ခုအား ၎င်းက ပြောကြားသည်။ မိမိတို့အနေဖြင့် စစ်ပွဲကို လိုလားခြင်းမရှိဘဲ ညှိနှိုင်းဆွေးနွေးခြင်းဖြင့်သာ အပစ်အခတ်ရပ်စဲရေးရရှိမည်ဟု ယုံကြည်ကြောင်း ၎င်းကပြောကြားသည်။

နှစ်နိုင်ငံအကြား မကြာမီက စစ်ရေးအရ တင်းမာမှုများမြင့်တက်ခဲ့ပြီး အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်ကြောင်း အပြန်အလှန်စွပ်စွဲမှုများ ရှိခဲ့သည်။

ကိုးကား -ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

# ၂၀၂၆ ခုနှစ် မတ်လ ၆ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် ငါးနေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter ခြောက်မျိုးကို ၂၄ နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2">ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင်အောက်ဆိုက်</th><th>နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုက်</th></tr>
<tr><td>၁</td><td>မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၂</td><td>ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၃</td><td>ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့</td><td>ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ</td><td>လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၄</td><td>သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td><td>ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ</td><td>ကောင်းမွန်</td></tr>
<tr><td>၅</td><td>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့</td><td>ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
</table>

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**



## (၇၆)နှစ်မြောက် (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ဆုပေးပွဲကျင်းပ

**ကျိုက်မရော မတ် ၈**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA )က ကျင်းပသည့် (၇၆)ကြိမ်မြောက် (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်ဆိုင်ရာ စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို မတ် ၅ ရက်က ကျိုက်မရောမြို့ ဇေတဝန်ကျောင်းတိုက်၌ ကျင်းပသည်။

ဦးစွာ မော်လမြိုင်မြို့ မြစေတီကျောင်းတိုက် မြဆရာတော်ကြီးထံမှ ဩဝါဒစကားနှင့် ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ပြည်နယ်ပထမဆု (မြန်မာဘာသာ) အငယ်တန်း၊ မွန်ဘာသာအငယ်တန်း၊ ပြည်နယ်ဒုတိယဆုရ မြန်မာဘာသာ အငယ်တန်း၊ မွန်ဘာသာအငယ်တန်းဆုရသူများအား ဆုချီးမြှင့်ပြီး ပြည်နယ်အဆင့် ဆုရရှိသူ ကျောင်းသား ကျောင်းသူ ၁၀ ဦး တို့အား ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဆုများကို တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ကြသည်။ ထို့နောက် (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာပေများကို ကြိုးစားပြီး သင်ကြားပေးခဲ့သော ဆရာ ဆရာမ ရှစ်ဦး၊ ကျောင်းသား ကျောင်းသူ ၁၅ ဦးတို့အား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျိုက်မရော(ပြန်/ဆက်)**

## ပန်းတောင်းမြို့နယ်၌ ဘွဲ့တံဆိပ်တော်ရဆရာတော်အား ကြိုဆိုဂုဏ်ပြု

**ပန်းတောင်း မတ် ၈**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ဆက်ကပ်လှူဒါန်းသည့် အဂ္ဂမဟာဂန္ထဝါစက ဘွဲ့တံဆိပ်တော်ရ ဥဿျှစ်ပင်မြို့ သုခိတာရာမပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ကောဝိဒဓဇာတိကအား မတ် ၈ ရက် နံနက်ပိုင်းက ဥဿျှစ်ပင်မြို့အဝင်တွင် မြို့နယ်သံဃာတော်များ၊ ဥဿျှစ်ပင်မြို့အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ဂေါပက အဖွဲ့ဝင်များ၊ ဓမ္မစကြာဝတ်အသင်းများက



မော်တော်ယာဉ်ဖြင့် ပင့်ဆောင်ကာ မြို့အတွင်းသို့ လှည့်လည်ဂုဏ်ပြုပူဇော်ခံခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ရန်ကုန် မတ် ၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တွင် မြို့နယ် သာသနာနုဂ္ဂဟအသင်း ဂိုဏ်းပေါင်းစုံ အစိုးရပထမပြန်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော စာအောင် သံဃာတော်များအား ဂုဏ်ပြုပူဇော်သည့် (၁၂)ကြိမ်မြောက် "စူဠဘွဲ့နှင်းသဘင်" အခမ်းအနားနှင့် (၉)ကြိမ်မြောက် မြို့နယ် ပထမပြန်စာမေးပွဲမှ စာအောင် သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲကို ယနေ့မွန်းလွဲပိုင်းက အောင်သုခ ပရိယတ္တိ



စာသင်တိုက်၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ ဩဝါဒကထာ နာကြားခဲ့ကြသည်။ ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့သည်။

ထို့နောက် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်သာသနာနုဂ္ဂဟအသင်းမှ တာဝန်ရှိသူများ၊ အလှူရှင်များက စာအောင်သံဃာတော်များအား စာအောင်လက်မှတ်များ ဆက်ကပ်လှူဒါန်း၍ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် စာပြန်ပွဲကြီးကြပ်ရေးဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ဆက်လက်၍ သံဃာတော်များအား ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ဆိပ်ကမ်း)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**


# ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရန်ကုန်(ကမ္ဘာအေး)နှင့် ကျိုင်းတုံမြို့တို့၏ လေအရည်အသွေးအခြေအနေများ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ လေအရည်အသွေး စောင့်ကြည့်တိုင်းတာသည့်ကိရိယာ (FPM-377C) ဖြင့် လေထုအတွင်း 2.5µm နှင့်အောက်သေးငယ်သောအမှုန်အမွှားများ ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မိုးလေဝသရုံး၌ လေအရည်အသွေး စောင့်ကြည့်တိုင်းတာသည့်ကိရိယာ (Compact Air Quality Monitoring Station – AQM65) ဖြင့် မျက်နှာပြင်အိုဇုန်း ($O_3$)၊ $PM_{10}$ နှင့် $PM_{2.5}$ တို့ကို ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။


တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ ဖေဖော်ဝါရီလအတွင်းတွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ ဖေဖော်ဝါရီလအတွင်းတွင် အသင့်အတင့်အဆင့်၌ ၁၂ ရက်၊ ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကို ထိခိုက်စေသောအဆင့်၌ ၁၃ ရက်၊ ကျန်းမာရေးကိုထိခိုက်စေသောအဆင့်၌ သုံးရက်နှင့် ကျိုင်းတုံမြို့၏ လေအရည်အသွေးအခြေအနေ ($PM_{2.5}$) မှာ အသင့်အတင့်အဆင့်၌ ငါးရက်၊ ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကို ထိခိုက်စေသောအဆင့်၌ ၂၂ ရက်နှင့် ကျန်းမာရေးကိုထိခိုက်စေသောအဆင့်၌ တစ်ရက်ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**


ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ





ကျိုင်းတုံမြို့၏ $PM_{2.5}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ




ကျိုင်းတုံမြို့၏ $PM_{10}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ




ကျိုင်းတုံမြို့၏ မျက်နှာပြင်အိုဇုန်း ($O_3$) ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း




လေအရည်အသွေး အညွှန်းကိန်း (AQI) လေအရည်အသွေးအဆင့် အဓိပ္ပာယ်ဖွင့်ဆိုချက်

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ - ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ - ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေး ထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ - ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေး ထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ - ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှု ကို ခံနိုင်ရည်နည်းပါးသောအုပ်စုများ ကျန်းမာရေးပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ - ၃၀၀ | ကျန်းမာရေးကိုအလွန် ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် - လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ - ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံး ကျန်းမာရေးထိခိုက်နိုင်ခြေပိုများသည်။ |

# ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ


ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှ အက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင်အက်စစ်ဖြစ်ထွန်းမှုအခြေအနေများကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း စခန်း ၁၃ ခုတို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာ တိုင်းတာရရှိခဲ့သည့် စခန်း ၁၃ ခုတို့မှ ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5–8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ–၂)


မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၁၃ ခုတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိပါကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ**




ပုံ(၂)၊ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ PH တန်ဖိုးများပြပုံ




**၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | တောင်ကြီး | ၆.၈ |
| ၂ | မိုင်းဆတ် | ၆.၆ |
| ၃ | ကျိုင်းတုံ | ၆.၆ |
| ၄ | ပျဉ်းမနား | ၆.၅ |
| ၅ | လွိုင်ကော် | ၆.၇ |
| ၆ | တောင်ငူ | ၆.၈ |
| ၇ | ပုသိမ် | ၆.၇ |
| ၈ | ဟသ်ာတ | ၆.၆ |
| ၉ | မော်လမြိုင် | ၆.၆ |
| ၁၀ | ဘားအံ | ၆.၈ |
| ၁၁ | ထားဝယ် | ၆.၅ |
| ၁၂ | မြိတ် | ၆.၇ |
| ၁၃ | ကော့သောင်း | ၆.၆ |

# ၂၀၂၆ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2026) လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံလမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၆ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

( ခ ) အာဆီယံနှင့် ကမ္ဘာ့တစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

( ဂ ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ၊

( င ) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ၊

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့ကို လက်ရှိ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား၊ သို့မဟုတ် အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကို ဗဟိုပြုသည့် အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင် ပါရှိရမည့်အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိပါကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https:// asean.




org/nomination-form/ တွင်ရယူ၍ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်သို့ **၂၅-၅-၂၀၂၆ ရက်နေ့ နောက်ဆုံးထား၍** Soft copy နှင့်အတူ ပူးတွဲပေးပို့လျှောက်ထားနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါအာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

# ရှမ်းပြည်နယ် တောင်ကြီးမြို့ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)၏ အောက်ဆီဂျင်နှင့် နိုက်ထရိုဂျင်ဓာတ်ငွေ့ ထုတ်လုပ်သည့်အလုပ်ရုံ စီးပွားဖြစ်စတင်လည်ပတ်ခြင်းအခမ်းအနားကျင်းပ

**တောင်ကြီး မတ် ၈**

ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)၏ အောက်ဆီဂျင်နှင့် နိုက်ထရိုဂျင် ဓာတ်ငွေ့ထုတ်လုပ်သည့် အလုပ်ရုံ (Air Separation Plant) စီးပွားဖြစ် စတင်လည်ပတ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါ အလုပ်ရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသွင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံခြားသားပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ TPE Co.,Ltd. မှ ပညာရှင်များက Liquid Nitrogen ( - 196 ဒီဂရီဆဲလ်စီးယပ်) ၏ ဂုဏ်သတ္တိကို စမ်းသပ်သရုပ်ဖော်ပြသပြီး ဒုတိယဝန်ကြီး၊ ပြည်နယ် စီးပွားရေးရာဝန်ကြီး၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ၊ TPE Co.,Ltd. မှ ဒုတိယဒါရိုက်တာနှင့် အဖွဲ့ခေါင်းဆောင်တို့က အလုပ်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အလုပ်ရုံ၏ ကမ္ပည်းမော်ကွန်းနှင့် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ကမ္ပည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည် ပက်ဖျန်းပေးပြီး အလုပ်ရုံထိန်းချုပ်ခန်းအတွင်း စက်စမ်းသပ်လည်ပတ် မောင်းနှင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယပိုင်း အစီအစဉ်ကို စက်ရုံရှင်းလင်းဆောင်ခန်းမ၌ ဆက်လက်ကျင်းပရာ အောက်ဆီဂျင်နှင့် နိုက်ထရိုဂျင် ဓာတ်ငွေ့ထုတ်လုပ်သည့် အလုပ်ရုံ ဆောင်ရွက်ခဲ့မှု မှတ်တမ်းအကျဉ်း Video Clip ကို ပြသသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ခေတ်အဆက်ဆက် ကြိုးပမ်းလာခဲ့သည့် သံမဏိစက်ရုံ တည်ဆောက်ရေး ရည်ရွယ်ချက်



မှာ ယနေ့အချိန်တွင် အတိုင်းအတာတစ်ခုအထိ အောင်မြင်ခဲ့ပြီဖြစ်ကြောင်း၊ စက်ရုံ၏ အဓိက သံရည်ကျိုမည့်မီးဖိုကြီးအား လိုအပ်သော သံရည်ပျော်သည့် အဆင့်အထိရရှိနိုင်အောင် အထောက်အကူပြုမည့် အောက်ဆီဂျင်နှင့် နိုက်ထရိုဂျင် ထုတ်လုပ်သည့် အလုပ်ရုံအား အောင်မြင်စွာ ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း၊ သံရည်ကျိုလုပ်ငန်း၏ အဓိက လိုအပ်ချက်ဖြစ်သည့် အောက်ဆီဂျင်ကို ယခုအလုပ်ရုံမှ လုံလုံလောက်လောက် ထုတ်လုပ်ပေးနိုင်မည် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ သံနှင့်သံမဏိ လိုအပ်ချက် မြင့်မားနေချိန်တွင် ယခုစက်ရုံမှ ထုတ်လုပ်သော သံရိုင်းတုံးမှတစ်ဆင့် သံမဏိသို့ အဆင့်ဆင့် ထုတ်လုပ်သွားနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်၏ လိုလားချက်ကို များစွာဖြည့်ဆည်းပေးနိုင်မည့် စက်ရုံကြီးဖြစ်ကြောင်း၊ ပင်းပက်သံမဏိစက်ရုံသည် ရှမ်းပြည်နယ်၏ ဒေသတွင်းသံမဏိ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည်ဖြစ်ပြီး ပြည်နယ်တွင်း စက်မှုကဏ္ဍ၊ လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရုံသာမက အလုပ်အကိုင်အခွင့်အလမ်းများလည်း များစွာပေးအပ်နိုင်မည် ဖြစ်ကြောင်း၊ ဆက်လက်လုပ်ဆောင်ရန် ကျန်ရှိသော အလုပ်ရုံ နှစ်ရုံဖြစ်သည့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံနှင့် ရိုးမက်အလုပ်ရုံကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက စက်ပစ္စည်းများ စမ်းသပ်လည်ပတ်ရာတွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် စံချိန်စံညွှန်းပြည့်မီရေးကို အထူးဂရုပြုရန်လိုကြောင်း၊ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းကြီး အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းသည် ရုရှား - မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှု မှတ်တိုင်တစ်ခုဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနား အပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော အမှတ် (၂) သံမဏိ စက်ရုံ(ပင်းပက်) တည်ဆောက်မှု သမိုင်းမှတ်တမ်း ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# လှည်းကူးမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာစစ်ဌာနများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၈**

ရန်ကုန်တိုင်း ဒေသကြီး လှည်းကူးမြို့နယ်၌ တက္ကသိုလ်ဝင် စာမေးပွဲကို အေးချမ်းပျော်ရွှင်စွာ ဖြေဆိုနိုင်ရေးအတွက် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာစစ်ဌာနများအား မြို့အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ထိုသို့ စစ်ဆေးရာတွင် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် တာဝန်ရှိသူများက အထက (လှည်းကူး)၊ အထက(မြို့မ)၊ အထက (အင်းတိုင်)၊ အထက (ဖောင်ကြီး)၊ အထက (ရဲမွန်)၊ အထက(ဒါးပိန်)၊ အထက (ငါးဆူတောင်)၊ အထက (ငါးဆူတောင်) စက်မှု၊ စိုက်ပျိုး၊ အထက ခွဲ(ငွေနံ့သာစံပြ) စသည့် စာစစ်ဌာနများအား မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုများ၊ စာဖြေခန်းများ၊ စာဖြေခုံများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် စာဖြေသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆောင်ရွက်ထားရှိမှုများ၊ လုံခြုံရေးဆောင်ရွက်ထားရှိမှုများကို လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

**အိရွှေစင်လတ်(လှည်းကူး)**

# ရေးမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ရေး မတ် ၈**

မွန်ပြည်နယ် ရေးမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ် စည်ပင်သာယာရေး အဖွဲ့တို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက မြသီတာဈေးကြီးအတွင်း၌ ဈေးတာဝန်ခံ၊ ဈေးသူဈေးသားများနှင့်အတူ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှု သရုပ်ပြပွဲကျင်းပသည်။



အဆိုပါ သရုပ်ပြပွဲသို့ ရေးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရေးမြို့နယ် မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးရဲကောင်းထက်က မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ရမည့် အချက်များကို ရှင်းလင်းပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး စနစ်တကျ ကိုင်တွယ်အသုံးပြုပုံကို လက်တွေ့ သရုပ်ပြသပေးကာ ဈေးကော်မတီဝင်များ၊ ဈေးသူဈေးသားများနှင့်အတူ ဇာတ်တိုက်လေ့ကျင့်မှု ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရှင်းသန့်ဖြူ**




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ယူဂိုဆလားဗီးယား ဖက်ဒရယ်ပြည်ထောင်စု ပြိုကွဲခြင်းနှင့် မီလိုဆီဗစ်၏ နောက်ဆုံးနေ့များ




သိန်းထွဋ်တင် ဘာသာပြန်ဆိုသည့် ယူဂိုဆလားဗီးယား ဖက်ဒရယ်ပြည်ထောင်စု ပြိုကွဲခြင်းနှင့် မီလိုဆီဗစ်၏ နောက်ဆုံးနေ့များစာအုပ် ထွက်ရှိလာသည်။

စာအုပ်မှာ Lenard J. Cohen ရေးသားသည့် Serpent in the Bosom – The Rise and Fall of Slobodan Milosevic စာအုပ်ကို အခြေခံပြီး ရေးသားထားခြင်းဖြစ်သည်။

ယူဂိုဆလားဗီးယား ဖက်ဒရယ်ပြည်ထောင်စုပြိုကွဲရာ၌ ဖြစ်စဉ်ပေါင်းမြောက်မြား စွာရှိခဲ့သည်။ သင်ခန်းစာယူစရာများ၊ ဆင်ခြင်တွေးတောစရာများ အမြောက်အမြား ကျန်ရစ်ခဲ့သည်။ ယူဂိုဆလားဗီးယား ဖက်ဒရယ်ပြည်ထောင်စုပြိုကွဲရခြင်း၏ အဓိက အကြောင်းရင်းမှာ ညီရင်းအစ်ကို သွေးစည်းညီညွတ်မှု ပျက်သုဉ်းသွားခြင်းကြောင့် ဖြစ်သည်။

လူမျိုးပေါင်းစုံမှီတင်းနေထိုင်သည့် ပြည်ထောင်စုတစ်ခု အခွန့်ရှည်တည်တံ့ရေး၌ ပြည်ထောင်စုသားချင်းတို့၏ သွေးစည်းညီညွတ်မှုမှာ အသက်သွေးကြောပင်ဖြစ်သည်။ တန်းတူညီမျှမှု၊ မတူကွဲပြားခြင်းအရှိတရားကို သဘောထား ကြီးစွာခံယူမှု၊ တစ်ဦးအပေါ်တစ်ဦး လေးစားတန်ဖိုးထားမှုတို့ မရှိပါက ပြည်ထောင်စုကြီးပြိုကွဲနိုင်ကြောင်းကို ယူဂိုဆလားဗီးယား ဖြစ်စဉ်များက သက်သေပြလျက်ရှိပေသည်။

ယူဂိုဆလားဗီးယားဟူသော အမည်နာမကို ယူဂိုဆလားဗီးယားနိုင်ငံ ထူထောင်သည့် ၁၉၂၉ ခုနှစ်မှ စတင်ခေါ်ဝေါ် သုံးစွဲလာခဲ့သည်။ ယူဂိုဆလားဗီးယားသမ္မတ ဆလိုဗိုဒမ် မီလိုဆီဗစ်မှာ ၂၀၀၆ ခုနှစ် မတ်လ ၁၁ ရက်တွင် ကွယ်လွန်ခဲ့သည်။

စာအုပ်ကို ဘဝတက္ကသိုလ်စာပေ၊ ဖုန်း ၀၉-၈၈၅၁၁၂၇၁၄၊ ၁၄၉၊ ၃၇ လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၅၀၀၀ ဖြင့် ဖြန့်ချိသည်။

## ကရင်နီနယ်မှ ကယားပြည်နယ်သို့




၂၀၀၉ ခုနှစ် အမျိုးသားစာပေဆုရ ဦးကျော်သန်း (ဖယ်ခုံ)ရေးသားသည့် ကရင်နီနယ်မှ ကယားပြည်နယ်သို့ စာအုပ်ထွက်ရှိလာသည်။

တိုင်းရင်းသားလူမျိုးများနှင့် သက်ဆိုင်သည့် သမိုင်းကြောင်းစာအုပ်များ မတွေ့ရသလောက် အထွက်နည်းနေသည့်အချိန်တွင် ဦးကျော်သန်း(ဖယ်ခုံ) ရေးသားသည့် ကရင်နီနယ်မှ ကယားပြည်နယ်သို့စာအုပ် ထွက်ရှိလာသည်။

သမိုင်းဖြစ်စဉ်များရေးသားရာတွင် ၁၉၄၈ ခုနှစ် မတိုင်မီကို (ကရင်နီ)ဟူ၍လည်းကောင်း၊ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက်ပိုင်းကို (ကယား)ဟူ၍လည်းကောင်း အမည်နှစ်မျိုးဖြင့် ရေးသားထားသည်။ စာအုပ်တွင် ပထဝီအနေအထား၊ နောက်ခံသမိုင်း၊ ကရင်နီနယ်သို့ အင်္ဂလိပ်နယ်ချဲ့လာခြင်း၊ ကရင်နီနယ် ဂျပန်တော်လှန်ရေး၊ ကရင်နီနိုင်ငံရေး၊ ကယားပြည်နယ်နိုင်ငံရေး၊ ပြည်တွင်းသောင်းကျန်းမှုနှင့် ကယားပြည်နယ်၊ ထင်ရှားသော ကယားပြည်နယ် နိုင်ငံရေးခေါင်းဆောင်များနှင့် ဘွဲ့ထူးဂုဏ်ထူးရရှိသူများ၊ ကယားပြည်နယ်တက္ကသိုလ်ဟူသည့် အခန်း ကိုးခန်း ပါဝင်သည်။

ကယားပြည်နယ်၏ သမိုင်းဖြစ်စဉ်ကို ရေးသားထားသည့်အတွက် စာအုပ်ဖတ်ပြီးလျှင် ကယားပြည်နယ်အကြောင်းပုံရိပ်ကို မြင်လာမည်ဖြစ်သည်။

စာအုပ်ကို ဒီစိုးထွန်းစာပေ၊ ဖုန်း ၀၉-၄၂၈၀၀၇၈၃၅ မှ တန်ဖိုး ငွေကျပ် ၁၀၀၀၀ ဖြင့် ဖြန့်ချိသည်။



## မြစ်သားမြို့နယ်၌ လေထုညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးနှိုးဆော်

မြစ်သား မတ် ၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြစ်သားမြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့တွင် မြစ်သားမြို့ပေါ် ရပ်ကွက်များနှင့် ကူမဲမြို့တို့၌ လေထုညစ်ညမ်းမှုလျှော့ချရေး အသိပညာပေး လှည့်လည်နှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့သည်။

### တိုက်တွန်းနှိုးဆော်

ထိုသို့ဆောင်ရွက်ရာတွင် ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသော်ထူးပိုင်နှင့် ဝန်ထမ်းများ၊ မြစ်သားမြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်မင်းကျော်နှင့် တပ်ဖွဲ့ဝင်များက ပြည်သူများအနေဖြင့် လေထုညစ်ညမ်းမှု လျှော့ချနိုင်ရေး သစ်ရွက်ခြောက်အမှိုက်များနှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို စည်းကမ်းမဲ့မီးရှို့ခြင်းများ မပြုလုပ်ကြရန်နှင့် အမှိုက်များကို စနစ်တကျခွဲခြား စွန့်ပစ်နိုင်ရေးအတွက် အမှိုက်အမျိုးအစားခွဲခြားနည်းအကြောင်းကို အသံချဲ့စက်ဖြင့်လှည့်လည်နှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သီတာအောင်(မြစ်သား)**

## မြိတ်မြို့၌ ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်နှင့် အခွန်ဆိုင်ရာကိစ္စရပ်များ အသိပေးရှင်းလင်း



မြိတ် မတ် ၈

တနင်္သာရီတိုင်း ဒေသကြီး မြိတ်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးတွင် မိုဘိုင်းလက်ကိုင်ဖုန်းများနှင့် မိုဘိုင်းကွန်ရက်သုံး ဆက်သွယ်ရေး ပစ္စည်းများကို အသိပေးကြေညာချက် လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်သေခံမှတ်ပုံတင်စနစ် (CEIR) ဆောင်ရွက်ခြင်းနှင့် အခွန်ဆိုင်ရာ ကိစ္စရပ်များ အသိပေး ရှင်းလင်းပွဲကို မတ် ၇ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

အသိပေး ရှင်းလင်းရာတွင် မြိတ်မြို့နယ် အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်နေဟိဏ်းက ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံ မှတ်ပုံတင်စနစ် (CEIR) အသုံးပြုဆောင်ရွက်မည့် အစီအစဉ်များနှင့် မိုဘိုင်းလက်ကိုင်ဖုန်းသုံးစွဲသူ ပြည်သူများ စံချိန်စံညွှန်းနှင့် ကိုက်ညီပြီး နိုင်ငံတော်သို့ ကျသင့်အခွန်များ ပေးဆောင်ထားသည့် မိုဘိုင်းလက်ကိုင်ဖုန်းများကို ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ရန် အခွန်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ရှင်းလင်းပွဲသို့ မိုဘိုင်းလက်ကိုင်ဖုန်းများနှင့် မိုဘိုင်းကွန်ရက်သုံး ဆက်သွယ်ရေး ပစ္စည်းအရောင်းဆိုင်ပိုင်ရှင်များ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၇၃ ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာကြသူများအား ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံ မှတ်ပုံတင်စနစ် အကြောင်း သိကောင်းစရာများနှင့် CEIR Public Portal အကြောင်း သိကောင်းစရာ အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများ အသိပညာပေးဟောပြော



ရန်ကုန် မတ် ၈

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို မတ် ၆ ရက် နံနက်ပိုင်းတွင် ညောင်ကျေးရွာအုပ်စု စက်မှုဇုန်ကော်မတီရုံးရှိ ကနောင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် သန္တေမီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စက်ရုံ/အလုပ်ရုံများတွင် မီးဘေးအန္တရာယ် မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိရေး၊ လျှပ်စစ်အသုံးပြုရာတွင် စနစ်တကျ စစ်ဆေးထိန်းသိမ်းရေး၊ မီးလောင်လွယ်သောပစ္စည်းများ စနစ်တကျသိုလှောင်ထားရှိရေးနှင့် မီးလောင်မှုဖြစ်ပွားပါက အမြန်ဆုံး မီးငြိမ်းသတ်နိုင်ရန် မီးငြိမ်းသတ်ရေးပစ္စည်းများ အသုံးပြုနိုင်ရေးတို့ကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြောက်ဥက္ကလာပမြို့နယ်၌ မီးဘေးအန္တရာယ်အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်ရေးလေ့ကျင့်ခြင်းများ ဆောင်ရွက်

ရန်ကုန် မတ် ၈

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဆောင်ရွက်ခြင်းနှင့် မီးငြိမ်းသတ်ရေး လေ့ကျင့်ခြင်းများကို မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက စက်မှုဇုန်များ၊ နေအိမ်များ၊ ဈေးများတွင် အသိပညာပေးစစ်ဆေး ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြောက်ဥက္ကလာပမြို့နယ် မီးသတ်ဦးစီးမှူး ဦးစည်သူမျိုးနှင့် တပ်ဖွဲ့ဝင်များက ဝေဘာဂီလမ်း၊ (၄)ရပ်ကွက်ရှိ သီရိရတနာ(၄)ဈေးနှင့် ကျောက်ရေတွင်းဈေး၊ လက်ထောက်မီးသတ်ဦးစီးမှူး ဦးစိုးမိုးဖြိုး ဦးဆောင်၍ တပ်ဖွဲ့ဝင်များက ရွှေပေါက်ကံ (၁၂)ရပ်ကွက်တွင် တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးနိုင်သူရစိုး ဦးဆောင်၍ တပ်ဖွဲ့ဝင်များက New Life တည်းခိုခန်းနှင့် မြောက်ဥက္ကလာပစက်မှုဇုန်အတွင်းရှိ ဒန်အိုးစက်ရုံတို့တွင် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**



# တက္ကသိုလ်ဝင်စာမေးပွဲ (Grade 12)ဖြေဆိုရာတွင် ကြိုတင်ပြင်ဆင်ထားရမည့်အချက်များ

ပါမောက္ခဒေါက်တာသန့်စင်

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (Grade 12)ကို မတ်လ ၁၁ ရက်နေ့မှ ၁၇ ရက်နေ့အထိ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ စာစစ်ဌာနများတွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပတော့မည်ဖြစ်ပါသည်။ တက္ကသိုလ်ဝင်စာမေးပွဲသည် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများသာမက မိဘ၊ ဆွေမျိုးများကပါ စိတ်ဝင်စားမှုအမြင့်ဆုံး စာမေးပွဲဖြစ်ပါသည်။



ယခုအခါ ဒေသအသီးသီးမှ ဖြေဆိုကြမည့်သူများသည် ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများကို ပိုင်နိုင်စွာလေ့ကျင့်ပြီးထားကြပြီး စာမေးပွဲကြီးဖြေဆိုရန် အသင့်အနေအထား ရောက်ရှိနေကြပြီဖြစ်မည်ဟု ထင်မြင်မိပါသည်။ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး အသီးသီးမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများသည်လည်း မိမိတို့၏ စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် အစွမ်းကုန် စခန်းသွင်းလေ့ကျင့်ပေးနေမှုများကို နေ့စဉ်ထုတ်သတင်းစာများတွင် တွေ့မြင်ဖတ်ရှုရပါသည်။

**ကျန်းမာရေးကို ဂရုစိုက်ရပါမည်**

တက္ကသိုလ်ဝင်စာမေးပွဲသည် ကျောင်းသား ကျောင်းသူများအတွက် မိမိ၏ မည်သည့်တက္ကသိုလ်၊ ကောလိပ်တွင် တက်ရောက်ပြီး လျှောက်လှမ်းရမည်ကို အဆုံးအဖြတ်ပေးသည့် စာမေးပွဲ ဖြစ်ပါသည်။ ဖြေဆိုသူတိုင်း အောင်မြင်လိုကြသည်ဖြစ်ပါသည်။ ထိုသို့ အောင်မြင်နိုင်ရန်လည်း ကြိုးစားခဲ့ကြပါသည်။ အဓိကမှာ စာမေးပွဲကို သတ်မှတ်ချိန်အတွင်း ကောင်းစွာဖြေဆိုနိုင်ရန် ဖြစ်ပါသည်။ တစ်နှစ်ပတ်လုံး မည်မျှကြိုးစားခဲ့သော်လည်း စာမေးပွဲဖြေဆိုခါနီးမှ ကျန်းမာရေးမကောင်းဖြစ်ခဲ့ပါက ကြိုးစားမှုရလဒ် အပြည့်မရနိုင် ဖြစ်တတ်ပါသည်။ ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့်သူများအနေဖြင့် ကျန်းမာရေးကို ဂရုစိုက်ရပါမည်။

စာမေးပွဲဖြေဆိုရမည့်ရက်စွဲနှင့် ဖြေဆိုရမည့်ဘာသာကို ဂရုစိုက်ရပါမည်။ ဖြေဆိုရမည့်အချိန်မတိုင်မီ ကြိုတင်၍ စာမေးပွဲကျင်းပရာ စာစစ်ဌာနသို့ ရောက်ရှိသင့်ပါသည်။ စိတ်လှုပ်ရှားမှုမရှိစေရန်နှင့် အေးဆေးတည်ငြိမ်စွာ ဖြေဆိုနိုင်ရန် လိုအပ်ပါသည်။ စာမေးပွဲဖြေဆိုချိန်ကာလအတွင်း ညလုံးပေါက်စာကြည့်ခြင်းကို ရှောင်သင့်ပါသည်။ စာမေးပွဲကာလအတွင်း အစား၊ အသောက်၊ အနေ၊ အထိုင်ကို ဂရုပြုရပါမည်။ ဆရာ၊ မိဘများကလည်း ပါဝင်ကူညီပေးကြရမည် ဖြစ်ပါသည်။ အဓိကမှာ စာမေးပွဲဖြေကြမည့် ကျောင်းသား ကျောင်းသူများ၏ ပတ်ဝန်းကျင်တွင်စာကြည့်ရာ၌ အနှောင့်အယှက်ဖြစ်စေသည့် ဆူညံသံများ၊ အသံချဲ့စက်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုတင်ကာကွယ်ပေးသင့်ပါသည်။

**အပိုင်နိုင်ဆုံးမေးခွန်းများကို ရွေးချယ်ကာ စတင်ဖြေဆို**

စာမေးပွဲ စတင်ဖြေဆိုချိန်တွင် စာမေးပွဲ မေးခွန်းစာရွက်ကို အစမှ အဆုံးထိတစ်ခေါက် သေချာစွာဖတ်ရှုကြရပါမည်။ ပြီးမှမိမိအပိုင်နိုင်ဆုံး မေးခွန်းများကို ရွေးချယ်ကာ စတင်ဖြေဆိုသင့်ပါသည်။

စာမေးပွဲ မေးခွန်းတစ်ခုချင်းစီတွင် တစ်ခါတစ်ရံ မေးခွန်းငယ် နှစ်ခု၊ သုံးခုခန့် ပါရှိတတ်ပါသည်။ ထိုအခါ မေးခွန်းတိုင်းကို ဖြေဆိုမိရန် ကြိုးစားသင့်ပါသည်။ မေးခွန်းအဖတ်လွဲပြီး တချို့မေးခွန်းငယ်များ ဖြေဆိုရန် ကျန်တတ်ပါသည်။ တချို့မေးခွန်းများတွင် လိုအပ်သည့် ပုံများ၊ ဇယား၊ ဂရပ်များဆွဲရန်ရှိပါက ပြည့်စုံစွာဆွဲသားဖြေဆိုသင့်ပါသည်။

**❛စာမေးပွဲ စတင်ဖြေဆိုချိန်တွင် စာမေးပွဲ မေးခွန်းစာရွက်ကို အစမှအဆုံးထိတစ်ခေါက် သေချာစွာ ဖတ်ရှုကြရပါမည်။ ပြီးမှမိမိအပိုင်နိုင်ဆုံးမေးခွန်းများကို ရွေးချယ်ကာ စတင်ဖြေဆိုသင့်ပါသည်။**

**စာမေးပွဲမေးခွန်း တစ်ခုချင်းစီတွင် တစ်ခါတစ်ရံ မေးခွန်းငယ် နှစ်ခု၊ သုံးခုခန့် ပါရှိတတ်ပါသည်။ ထိုအခါ မေးခွန်းတိုင်းကို ဖြေဆိုမိရန် ကြိုးစားသင့်ပါသည်။ မေးခွန်းအဖတ်လွဲပြီး တချို့မေးခွန်းငယ်များ ဖြေဆိုရန်ကျန်တတ်ပါသည်။ တချို့မေးခွန်းများတွင် လိုအပ်သည့် ပုံများ၊ ဇယား၊ ဂရပ်များဆွဲရန်ရှိပါက ပြည့်စုံစွာဆွဲသားဖြေဆိုသင့်❜**

သိပ္ပံဘာသာရပ်များတွင် သက်ဆိုင်ရာ MKS(SI)ယူနစ်များပြောင်းရန် လိုအပ်ပါက ပြောင်းလဲတွက်ချက်ရန် မမေ့သင့်ပါ။ ရူပဗေဒဘာသာတွင် ဗက်တာ(Vector) ပုံများဆွဲရာတွင် ဗက်တာမြားများ တပ်ဆင်ရပါမည်။ ယူနစ်များကို ဂရုစိုက်၍ တွက်ချက်ရပါမည်။ စာမေးပွဲဖြေဆိုနေစဉ် အသုံးပြုသည့် သင်္ချာတွက်စက်(Scientific Calculator)ကို သေချာဂရုစိုက်၍ မမှားအောင်တွက်ချက်တတ်ရန် လိုပါသည်။

မေးခွန်းအားလုံးကို သတ်မှတ်အချိန် သုံးနာရီအတွင်း ဖြေဆိုနိုင်ရန် လေ့ကျင့်ထားရပါမည်။ မေးခွန်းအားလုံးဖြေဆိုပြီးပါက ပြန်လည်စစ်ဆေးရန် အချိန်ပေးသင့်ပါသည်။ ဖြေဆိုရန် မေးခွန်းမကျန်စေရန်နှင့် ဂဏန်းကိုင်တွက်ချက်မှု မှန်၊ မမှန် ပြန်လည်စစ်ဆေးရပါမည်။ မိမိဖြေဆိုရမည့်ဘာသာ ဖြေဆိုပြီးပါက နောက်တစ်နေ့ဖြေဆိုရမည့် ဘာသာအတွက်သာ လေ့လာကြိုးစားရပါမည်။ ဖြေဆိုပြီးခဲ့သည့် ဘာသာကို ပြန်ပြောင်းတွေးတော စဉ်းစားမနေသင့်ပါ။

ယခုဖော်ပြပါအချက်များသည် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ကြိုတင်ပြင်ဆင်သတိထားရမည့်အချက်များ ဖြစ်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲကြီးကို အောင်မြင်စွာ ဖြေဆိုနိုင်ကြရန် ရေးသားလိုက်ရပါသည်။ ။

## ခွေးရူးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ခွေးရူးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော အသက်ဆုံးရှုံးစေသည့် ရောဂါတစ်ခုဖြစ်သည်။ ခွေး၊ ကြောင်၊ မြွေပါ၊ ခွေးအနှင့် မြေခွေးတို့တွင် ကူးစက်ဖြစ်ပွားလေ့ရှိပါသည်။ ရောဂါပိုးကူးစက်ခံထားရသော ခွေး၊ ကြောင်များ၏ တံတွေးမှတစ်ဆင့် အများဆုံးကူးစက်ခံရပြီး ခွေးရူးရောဂါကာကွယ်ဆေး ကြိုတင်ထိုးနှံခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ပါသည်။ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များကို ခွေးရူးရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(၁) တိရစ္ဆာန်ဆရာဝန်များနှင့်တိုင်ပင်၍ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား တစ်နှစ် (၁)ကြိမ် ပုံမှန်ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိုးနှံရန်၊

(၂) မိမိတို့ မွေးမြူထားသော ခွေး၊ ကြောင်များအား လမ်းပေါ်မှ ခွေးလေ၊ ခွေးလွင့်များနှင့် မရောနှောမိစေရန် ဂရုတစိုက်ဆောင်ရွက်ရန်၊

(၃) အပြင်သို့ထွက်လျှင် ခွေးချည်ကြိုးဖြင့် သေချာစွာချည်၍ ထွက်ရန်၊

(၄) မိမိအိမ်(သို့မဟုတ်)ရပ်ကွက်ထဲတွင် ခွေးရူးရောဂါဖြစ်နေသည်ဟု သံသယရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးမှတစ်ဆင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အမြန်ဆုံးဆက်သွယ် အကြောင်းကြားရန်၊

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ကော့မှူးမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာစစ်ဌာနများ မီးဘေးလုံခြုံမှုရှိစေရေးစစ်ဆေး

**ကော့မှူး မတ် ၈**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် မြို့သစ်ရပ်ကွက် အထက(ကော့မှူး) စာစစ်ဌာနနှင့် အထက(နတ်စင်ကုန်း)စာစစ်ဌာနတို့၌ ယမန်နေ့ နံနက်ပိုင်းက မီးဘေးလုံခြုံရေး စစ်ဆေးသည်။



**ကွင်းဆင်းစစ်ဆေး**

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးပြည့်ဖြိုးအောင်နှင့် ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာ ကျောင်းအုပ်များ၊ ရပ်ကွက် /ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက စာဖြေခန်းများ ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အတွင်းစည်း/အပြင်စည်း လုံခြုံရေး၊ လျှပ်စစ်နှင့် မီးဘေး ကြိုတင်ကာကွယ်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှု ကိစ္စရပ်များ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

# မြန်မာ့ဘောလုံးသမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် AFC ‘Pro’ Diploma နည်းပြသင်တန်း (Module-I) ဖွင့်လှစ်




ရန်ကုန် မတ် ၈

မြန်မာနိုင်ငံ၏ ဘောလုံးနည်းပြကဏ္ဍ အဆင့်မြင့်မားလာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) နှင့် အာရှဘောလုံးအဖွဲ့ချုပ် (AFC) တို့ ပူးပေါင်းစီစဉ်သည့် AFC/MFF Pro Diploma Coaching Course Module–I ဖွင့်ပွဲအခမ်းအနားကို မတ် ၈ ရက်က ရန်ကုန်မြို့ရှိ နိုဗိုတယ်ရန်ကုန်မက်စ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်း ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေနှင့် တာဝန်ရှိသူများ၊ အာရှဘောလုံးအဖွဲ့ချုပ်မှ Deputy Technical Director Mr. Takeshi Ono၊ အာရှဘောလုံးအဖွဲ့ချုပ်မှ တာဝန်ပေးအပ်ထားသော သင်တန်းဆရာနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာ ဖြစ်သူ Mr. Michiteru Mita၊ သင်တန်းသားများ တက်ရောက်သည်။

အခမ်းအနားတွင် အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားပြီး အာရှဘောလုံးအဖွဲ့ချုပ် Deputy Technical Director ဖြစ်သူ Mr. Takeshi Ono က ဝမ်းမြောက်စကားပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အာရှဘောလုံးအဖွဲ့ချုပ် Deputy Technical Director ဖြစ်သူ Mr. Takeshi Ono အား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်သည်။ ထို့နောက် အာရှဘောလုံးအဖွဲ့ချုပ်မှ တာဝန်ပေးအပ်ထားသော သင်တန်းဆရာနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာဖြစ်သူ Mr. Michiteru Mita က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တက်ရောက်လာသူများ စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ကူးသည်။

ယခုသင်တန်းသည် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် ဖွင့်လှစ်နိုင်ခဲ့သည့် အမြင့်ဆုံးအဆင့် နည်းပြသင်တန်းဖြစ်ပြီး မြန်မာ့ဘောလုံးလောကအတွက် အလွန်အရေးပါသော ခြေလှမ်းတစ်ခုလည်းဖြစ်သည်။ AFC ‘Pro’ Diploma Coaching Course သည် အာရှဘောလုံးအဖွဲ့ချုပ် (AFC) မှ အသိအမှတ်ပြုထားသော နည်းပြလောကတွင် အမြင့်ဆုံးအရည်အချင်းစစ် လက်မှတ်တစ်ခုဖြစ်ပြီး နိုင်ငံတကာ သတ်မှတ်ချက်များအရ ကမ္ဘာ့ဖလားခြေစစ်ပွဲများ၊ အာရှဖလားနှင့် အဆင့်မြင့်ကလပ်အသင်းပြိုင်ပွဲများ (ဥပမာ – AFC Champions League) တွင် အသင်းကို တရားဝင်ကိုင်တွယ်ခွင့်ရရန် ယခု ‘Pro’ လိုင်စင်မှာ မဖြစ်မနေလိုအပ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် အာရှဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် AFC/MFF Pro Diploma Coaching Course Module–I သင်တန်းတွင် မြန်မာနည်းပြ ၁၂ ဦး၊ နိုင်ငံခြားသားနည်းပြ လေးဦး တက်ရောက်ခွင့်ရပြီး မြန်မာ့လက်ရွေးစင်အသင်းနှင့် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများတွင် နည်းပြအဖြစ် ဆောင်ရွက်နေသည့် နိုင်ငံခြားသားနည်းပြလေးဦး ပါဝင်နေသည်။ ထို့ပြင် မြန်မာနည်းပြများအဖြစ် မြန်မာ့လက်ရွေးစင်အသင်းများနှင့် ကလပ်အသင်းများတွင် နည်းပြအဖြစ် ဆောင်ရွက်နေသည့် ဦးဇော်ဝင်းထွန်း၊ ဦးစိုးမြတ်မင်း၊ ဦးအောင်ကျော်မိုး၊ ဦးဟန်ဝင်းအောင်၊ ဦးမျိုးမင်းထွန်း၊ ဦးဇော်လင်းထွန်း၊ ဦးအောင်ဇော်မျိုး၊ ဦးမင်းထွန်းလင်း၊ ဦးပေါ်ထွန်းကျော်၊ ဦးကျော်ဒွန်း၊ ဦးရဲဝင့်သူနှင့် ဒေါ်သက်သက်ဝင်းတို့ဖြစ်သည်။

သင်တန်းကာလကို ၂၀၂၆ ခုနှစ် မတ်လမှ ၂၀၂၇ ခုနှစ် ဇွန်လအထိ တစ်နှစ်ကျော်ကြာမြင့်မည်ဖြစ်ပြီး အပိုင်း ငါးပိုင်းခွဲ၍ တက်ရောက်ရမည်ဖြစ်သည်။ သင်တန်း၏ ပထမအကြိမ်ကို ၂၀၂၆ ခုနှစ် မတ် ၈ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့၊ ဒုတိယအကြိမ်ကို ၂၀၂၆ ခုနှစ် ဇွန်လတွင် ရန်ကုန်မြို့၊ တတိယအကြိမ်ကို ၂၀၂၆ ခုနှစ် စက်တင်ဘာတွင် ဂျပန်နိုင်ငံ၊ စတုတ္ထအကြိမ်ကို ၂၀၂၇ ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီတွင် ဆော်ဒီအာရေဗျနိုင်ငံ၊ ပဉ္စမအကြိမ်ကို ၂၀၂၇ ဇွန်လတွင် ရန်ကုန်မြို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း–ချစ်ကိုကို**
**ဓာတ်ပုံ–MFF**

## မင်းဘူးမြို့၌ မီးဘေးကာကွယ်ရေးလက်တွေ့သရုပ်ပြ ဆောင်ရွက်




မင်းဘူး မတ် ၈

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့မဈေးကြီးတွင် မီးဘေးကာကွယ်ရေးနှင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ပညာပေးခြင်း လုပ်ငန်းများကို မတ် ၇ ရက် မွန်းလွဲပိုင်းက မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းပြီး အဆိုပါဈေးကြီး၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမန်းနှင့် ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းတို့က ဈေးမီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များက အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေကာ မြို့မဈေးကြီးအတွင်း မီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ အမြင့်တင်ရေစင်၊ ရေလှောင်ကန်၊ ရေစုကန်များနှင့် အပေါ့စား မီးငြိမ်းသတ်စက်များ ကြံ့ခိုင်ကောင်းမွန်ရေး စစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်ပြီး ခရိုင်နှင့် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများ လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ပညာပေးခြင်း၊ မီးငြိမ်းသတ်ယာဉ်ကြီးများ၊ အပေါ့စားမီးငြိမ်းသတ်စက်ဖြင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**



## ပင်းတယမြို့၌ နွေစပါးစိုက်ပျိုးထားရှိမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

ပင်းတယ မတ် ၈

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်အတွင်းရှိ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မတ် ၇ ရက်တွင် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ပင်းတယမြို့နယ် သမဝါယမဦးစီးဌာနရှိ ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစု အမှုဆောင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းများ ဆောင်ရွက်ရာတွင် သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး၊ လုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ပင်းတယမြို့နယ် မိုင်းအင်းကျေးရွာရှိ အောင်သီဟ လယ်ယာနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ နွေစပါးစိုက်ပျိုးထားရှိမှုအခြေအနေအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး သမဝါယမကဏ္ဍမှ ဆောင်ရွက်လျက်ရှိသော သက်တန့်ရောင်စီမံကိန်း၊ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်အောင် အကောင်ထည်ဖော် ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **ဝိုးတောင်း**

## ညောင်တုန်းမြို့နယ်၌ မီးဘေးအန္တရာယ်ကာကွယ်ရေးစစ်ဆေး



ညောင်တုန်း မတ် ၈

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်နယ်မြေမီးသတ်စခန်းက ဆားမလောက်ကျေးရွာ သူဌေးကုန်းရပ်ကွက်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းများကို ယနေ့နံနက်ပိုင်းက တစ်အိမ်တက်ဆင်း ဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဆားမလောက်နယ်မြေ မီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူးဦးဝေယံဘို ဦးဆောင်ကာ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများနှင့် နေအိမ်များအတွင်း မီးဘေးလုံခြုံစိတ်ချရမှု ရှိ/မရှိနှင့် နေအိမ်ဝန်းကျင်တွင် အမှိုက်များ ကင်းစင်ရေးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မိုးဟိန်းထက်**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ဉာဏ်ရည်တုနည်းပညာ သို့မဟုတ် အေအိုင် ဖွံ့ဖြိုးတိုးတက်လာခြင်း (၆)


နီဇော်သစ်

လက်ရှိ အေအိုင်နည်းပညာတို့သည် အယ်လ်ဖာဂိုး (AlphaGo) နောက်ပိုင်းတွင်မှ ပြောင်းလဲတိုးတက်လာခြင်းဖြစ်ကြောင်း အပိုင်း(၅)တွင် ဖော်ပြခဲ့သည်။ သိပ္ပံ၊ နည်းပညာ သို့မဟုတ် ဘာသာရပ်တစ်ခုခု၏ သမိုင်းကြောင်းစာအုပ်များထဲတွင် စာရေးသူက သူပြောလိုသည့် သဘောတရားကို အလေးအနက်ထားလိုသောအားဖြင့် ထိုသဘောတရားမတိုင်ခင်က ဘာမှ ရှုပ်ရှုပ်ထွေးထွေးမရှိခဲ့ဆိုသည့် ပုံစံမျိုး ရေးတတ်ကြသည်။ ဥပမာ အိုင်းစတိုင်းက နယူတန် နှစ် ၂၀၀ ပြည့် အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာတွင် 'နယူတန်မတိုင်ခင်က ဘာမှမရှိခဲ့'ဆိုသည့်သဘော ရေးထားသလိုမျိုးဖြစ်သည်။ ထိုသို့ အသိအမှတ်ပြုရသည့်ဖြစ်စဉ်များမှာ ဆယ်စုနှစ်၊ ရာစုနှစ်နှင့်ချီ၍ ကြာပြီးမှ တစ်ကြိမ်လောက်ဖြစ်ခဲ့၍လည်း ထိုသို့ရေးကြပြောကြခြင်းဖြစ်သည်။ အေအိုင်သမိုင်းတွင်လည်း အယ်လ်ဖာဂိုးသည် ထိုကဲ့သို့ ဖြစ်စဉ်တစ်ခုဟု ဆိုနိုင်သည်။ သို့သော် ထူးခြားသည်မှာ နောက်မှ ကပ်လိုက်လာသည့်ဖြစ်စဉ်က နှစ်အနည်းငယ်သာကြာသည်။ အယ်လ်ဖာဂိုးသည် ၂၀၁၅ ခုနှစ်မှ စတင်ခဲ့ခြင်းဖြစ်သော်လည်း နှစ်နှစ်အကြာ ၂၀၁၇ ခုနှစ်ဝန်းကျင်မှာပင် အေအိုင်အတွက် နောက်ထပ် အချိုးအကွေ့ကြီးတစ်ခု ထပ်ပေါ်လာ၍ပင်။

အယ်လ်ဖာဂိုးနောက်ပိုင်းတွင် အေအိုင်သည် နက်နက်နဲနဲ သင်ယူခြင်း (Deep Learning)နှင့် နျူရယ်ကွန်ရက် (Neural Network) နည်းပညာများနှင့်အတူ ခပ်မြန်မြန်တိုးတက်လာသည်။ သို့သော် ထိုစဉ်ကသုံးသည့် အာရ်အင်န်အင်န်ဟု အတိုကောက်ခေါ်သော Recurrent Neural Networks နည်းပညာမှာ စကားလုံးများကို တစ်လုံးချင်းစီ အလုပ်လုပ်သည်။ ဆိုလိုသည်မှာ ဝါကျတစ်ကြောင်းလုံးကို တစ်ပြိုင်နက်မဖတ်နိုင်။ ထို့ကြောင့် လေ့ကျင့်ပေးရသည့်အချိန်ကြာမြင့်သည်။ ထို့ပြင် နောက်ကြောင်းပြန်ဆန်းစစ်မှု (ထိုအကြောင်းကို ရှေ့အပိုင်းများတွင် ဖော်ပြထားပါသည်) လုပ်ရာတွင် အားနည်းချက်ရှိသည်။ အလွှာများလျှင် သို့မဟုတ် လုပ်ငန်းစဉ်ရှည်လာလျှင် သတင်းအချက်အလက်များ ပျောက်ဆုံးသွားတတ်သည်။ ရေရှည်မှတ်ဉာဏ်မရှိသေးဟု ဆိုနိုင်သည်။

ထိုစဉ်က အာရ်အင်န်အင်န်ထက် ပိုမှတ်မိနိုင်သည့်နည်းပညာမှာ အယ်လ်အက်စ်တီအမ်ဟု အတိုကောက်ခေါ်သည့် Long Short–Term Memory နည်းပညာဖြစ်သည်။ အာရ်အင်န်အင်န်ထက် ပိုမှတ်နိုင်သည်။ သို့သော် ရေရှည်မှတ်ဉာဏ်မျိုးမဟုတ်သေး။ နောက်တစ်ချက်မှာ လေ့လာသင်ယူဖို့ခက်သည်။ လူသစ်များ ချက်ချင်းလုပ်ဖို့မလွယ်။ နျူရယ်ကွန်ရက်များ စတင်ပေါ်လာခါစကလိုမျိုးဖြစ်သည်။ အဲလက်ဇ်နက်(AlexNet)အကြောင်း ပြောခဲ့စဉ်က စီအင်န်အင်န် နည်းပညာအကြောင်းကို မှတ်မိမည်ဟုထင်ပါသည်။ စီအင်န်အင်န်သည် ပုံများအတွက်တော့ အံ့ဩဖို့ကောင်းလောက်အောင် အလုပ်ဖြစ်သည်။ ပစ်ဇယ်များဖြင့် အလုပ်ကောင်းကောင်းလုပ်နိုင်သည်။ သို့သော် စကားလုံးများဖြင့် အလုပ်လုပ်ရာတွင်မူ မတွင်ကျယ်။

ရှေ့ဆက်ပါမည်။ ၂၀၁၇ ခုနှစ်တွင် ဂူးဂဲလ်မှ သုတေသီတို့၏ ကမ္ဘာကျော် Attention Is All You Need စာတမ်းပေါ်ထွက်လာသည်။ အေအိုင်အတွက် အာကီတက်ချာ မိုဒယ်အသစ်ကိုချပြသည်။




**ထရန်စဖော်မာ မိုဒယ်တစ်ခု၏ အခြေခံဖွဲ့စည်းပုံ (အလေးပေး Attention အလွှာများနှင့် တိုကင်များကို တစ်ပြိုင်နက် စိစစ်လုပ်ဆောင်ပုံ။**

ရှေ့မိုဒယ်များလို စကားလုံးများကို တစ်လုံးပြီးမှတစ်လုံး စိစစ်လုပ်ဆောင်မည်မဟုတ်။ ဝါကျတစ်ကြောင်းလုံးမှ စကားလုံးတိုင်းကို တစ်ပြိုင်နက် စိစစ်လုပ်ဆောင်မည်။ အင်မတန်ရဲတင်းသော စာတမ်းဖြစ်သည်။ အချို့က သံသယရှိကြသည်။ ထိုနည်းသစ်ကို ထရန်စဖော်မာဟု နာမည်ပေးထားသည်။ ထရန်စဖော်မာတို့သည် ၂၀၁၈ ခုနှစ်လောက်မှစတင်ပြီး အေအိုင်နယ်ပယ်ကိုစိုးမိုးဖို့ ကြိုးစားလာကြတော့သည်။ အစပိုင်း၌ ဘာသာစကားလုပ်ငန်းစဉ်အတွင်းသာ ရည်ရွယ်ခဲ့သော်လည်း နောက်ပိုင်းတွင် စာရော၊ ပုံရော လောကနှစ်ခုလုံးကို ခြုံငုံမိလာစေသည်။

Su Su gave the book to Mg Mg because she trusted him.


ဆိုသည့် ဝါကျတစ်ကြောင်းကို အေအိုင်ထဲသို့ ထည့်လိုက်သည်ဆိုပါစို့။ ယခင် အာရ်အင်န်အင်န်နည်းက တစ်လုံးချင်းစီဖတ်သည်။ ထရန်စဖော်မာက တစ်ကြောင်းလုံးကိုဖတ်ပြီး တစ်လုံးချင်းစီကို တင်ဆာ (Tensors)မေထရစ်များအဖြစ် သတ်မှတ်သည်။ Su နှင့် Su အတွက် မေထရစ်တစ်ခုစီ၊ gave အတွက် မေထရစ်တစ်ခု၊ the အတွက် မေထရစ်တစ်ခု၊ book အတွက် မေထရစ်တစ်ခု စသည်ဖြင့်ဖြစ်သည်။ ထိုသို့ ခွဲလိုက်သည်ကို တိုကင်ခွဲသည်ဟုခေါ်သည်။ စာလုံးတစ်လုံးချင်းစီသည် တိုကင်တစ်ခုဖြစ်သည်။ ထို့နောက် လေ့ကျင့်ထားသည့် ဝါကျများနှင့် တိုက်ဆိုင်စစ်ဆေးသည်။ (တကယ်တမ်းတွင် စာလုံးတစ်လုံးချင်းစီသည်ပင် တိုကင်နှစ်ခုဖြစ်နိုင်သည်။ playing ဆိုသည့် စကားလုံးတွင် play သည် တိုကင်တစ်ခု ing သည် တိုကင်တစ်ခုဖြစ်သည်။ ရှုပ်ထွေးမည်စိုး၍ အသေးစိတ်မရေးတော့ပါ။)

အေအိုင်သည် Su Su ကို မြန်မာမိန်းကလေး နာမည်တစ်ခုဟု မသိပါ။ နာမည်တစ်ခုဟုပင် မသိပါ။ Su သည် တိုကင်တစ်ခု နောက်ထပ် Su သည် တိုကင်တစ်ခုဖြစ်သည်။ သို့သော် ရှေ့ဆုံးတွင် စာလုံးကြီးဖြင့် ရေးထားသော စကားလုံး နှစ်လုံးဆက်သည် နာမည်ဖြစ်မည်ဆိုသည်ကို လေ့ကျင့်ထားသော အချက်အလက်များအရ သိထားသည်။ ထို့ကြောင့် Su Su သည် အတွဲစာလုံး၊ နာမည်တစ်ခုဖြစ်သည်။ Mg Mg သည်လည်း အလားတူပင်။

နောက်တစ်ဆင့်တွင် she က ဘာလဲ၊ him က ဘာလဲဆိုသည်မှာ အရေးကြီးသည်။ she နှင့် Su Su ဆက်စပ်လား၊ she နှင့် Mg Mg ဆက်စပ်လား။ him နှင့် Su Su ဆက်စပ်သလား၊ him နှင့် Mg Mg ဆက်စပ်သလား။ ဂူးဂဲလ်မှ ဆရာများပြောသော attention ဆိုသည့် ကိစ္စဝင်လာသည်။ အလေးပေးမှုဟုဆိုကြပါစို့။ လေ့ကျင့်ပေးထားသော သန်းနှင့်ချီသည့်ဝါကျများအရ she သည် Su Su ဖြစ်ရန် အလေးပေးမှုမြင့်သည်။ Mg Mg ဖြစ်ရန် အလေးပေးမှုနိမ့်သည်။ him လည်း အလားတူပင်။ အေအိုင်တွင် အဘိဓာန်မရှိ၊ သဒ္ဒါစာအုပ်မရှိပါ။ အဓိပ္ပာယ်နှင့် ဝါကျဖွဲ့စည်းပုံတို့ကို အလေ့အကျင့်ပေါ်မူတည်၍ အကောင်းဆုံး ခန့်မှန်းခြင်းသည်ရှိသည်။ စာရေးရာတွင်လည်း ပထမဆုံး ဘယ်တိုကင်ကို ရေးမည်၊ နောက်ထပ်ရေးရမည့် အကောင်းဆုံးတိုကင်က ဘာဖြစ်မည်ကို ခန့်မှန်းဟောကိန်းထုတ်ခြင်းသာဖြစ်သည်။

နျူရယ်ကွန်ရက်တို့တွင် အလွှာများစွာရှိသည်။ အကြီးစားများတွင် ရာဂဏန်းအထိရှိသည်။ ထို့ကြောင့် အလေးပေးမှုစိစစ်ခြင်းကို အမျိုးမျိုးလုပ်နိုင်သည်။ ဥပမာ ကတ္တား၊ ကြိယာ ဆက်စပ်မှုမျိုးကို သဒ္ဒါစည်းကမ်းများ ထည့်ပေးထားခြင်းမျိုးမဟုတ်ဘဲ အလွှာတစ်ခုတွင် တိုကင်များကို အလေးပေးခြင်းဖြင့် တကယ့်သဒ္ဒါစည်းကမ်းအတိုင်းထွက်လာအောင် လုပ်နိုင်သည်။ ပြောချင်သည်မှာ တစ်လုံးချင်း လုံးကောက်အဓိပ္ပာယ်ယူခြင်းထက် (ရှေ့အေအိုင်တို့တွင် အဘိဓာန်နှင့် အလားသဏ္ဌာန်တူသည့် ထည့်သွင်းပေးမှုမျိုးရှိခဲ့သည်) တစ်ကြောင်းလုံးဖတ်ပြီး အလေးပေးမှုဖြင့် စိစစ်ခြင်းမှာ ပိုမိုမြန်ဆန်သလို အေအိုင်လေ့ကျင့်သင်ယူမှုတွင်လည်း များစွာထိရောက်သည်ဆိုသည့်အကြောင်းဖြစ်ပါသည်။ ရှေ့ကပြောခဲ့သည်ကို ပြန်ကောက်ရလျှင် အယ်လ်ဖာဂိုးမတိုင်ခင်က အေအိုင်များသည် ဘာမှမဟုတ်သေးဟု ပြောနေရာမှ ထရန်စဖော်မာများမတိုင်ခင် အေအိုင်များသည် ဘာမှမဟုတ်သေးဟု ပြောရမလိုဖြစ်သွားသည်။ သို့သော် ထိုစကားမှာ ဆယ်စုနှစ်မချီတော့ဘဲ နှစ်နှစ်အတွင်း ပြောရသည့်စကားဖြစ်သွားသည်။ အလွန်မြန်ပါသည်။ နောက်အပိုင်းတွင် ထရန်စဖော်မာများ ဖွံ့ဖြိုးတိုးတက်လာမှုကို ဆက်ပြောပါမည်။

## ကင်ဆာဆဲလ်တို့၏ အားနည်းချက်မှာ ဗီတာမင် ဘီ-၇ ဖြစ်ကြောင်း တွေ့ရှိ



ဆွစ်ဇာလန်နိုင်ငံ လော်ဆိန်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ကင်ဆာအကျိတ်ဆဲလ်များမှာ ဗီတာမင် ဘီ–၇ ဖယ်ထုတ်လိုက်လျှင် အားနည်းသွားသည်ဆိုသည့် ဆဲလ်ဖွဲ့စည်းမှုသဘောတရားအသစ်တစ်ခုကို ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

သက်ရှိဆဲလ်များ အားလုံးသည် အာဟာရပေါ်တွင်မူတည်ပြီး ပုံမှန်ချိန်ညှိပြောင်းလဲကြသည်။ ထိုသို့အလိုက်သင့်နေနိုင်စွမ်းသည် ရှင်သန်ရေးအတွက် အလွန်အရေးကြီးသည်။ သို့သော် အချို့ဆဲလ်ဖွံ့ဖြိုးမှုများမှာ ဇီဝဖြစ်စဉ်အတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်သည့် ဂလူတာမင်းဟုခေါ်သော အမိုင်နိုအက်စစ်တစ်မျိုးပေါ်တွင် အလွန်အမင်းမှီခိုတတ်ကြသည်။ ဂလူတာမင်းသည် အသားဓာတ်နှင့် ဒီအင်န်အေတို့ကို တည်ဆောက်ပေးသည်။ ဂလူတာမင်း မရှိလျှင် ဆဲလ်ကွဲခြင်း မဖြစ်နိုင်တော့ပေ။

ထို့အတွက် ကင်ဆာဆဲလ်များသည် အကောင်းဆုံးဥပမာဖြစ်သည်။ ကင်ဆာဆဲလ်များ၏ ဂလူတာမင်း အာဟာရအပေါ် မှီခိုလွန်းပုံကို ဂလူတာမင်းစွဲနေခြင်းဟုပင် ပြောလေ့ရှိကြ၏။ ယင်းမှာ ကင်ဆာဆဲလ်တို့၏ လူသိများသော အားနည်းချက်။ သို့တိုင် ကင်ဆာဆဲလ်တို့သည် ထိုမှီခိုမှုကို တစ်နည်းနည်းဖြင့် ကျော်လွှားနိုင်ကြသည်။

ယခုလေ့လာတွေ့ရှိမှုကို ပါရဂူဘွဲ့လွန် သုတေသီတစ်ဦးဖြစ်သော ဒေါက်တာမီရီယမ်လစ်စီက ဦးဆောင်ခဲ့ခြင်းဖြစ်သည်။ သူတို့အဖွဲ့က ကာဗွန်ကြွယ်ဝသော ပိုင်ရူဗိတ်မော်လီကျူး ဒြပ်ပေါင်းများကို လေ့လာခဲ့ကြပြီး ထိုဒြပ်ပေါင်းတို့က ဆဲလ်တို့ကို ဂလူတာမင်း ကျဆင်းနေချိန်မှာပင် ဆဲလ်ကွဲခြင်းဖြစ်စေရန် အားပေးနိုင်ကြောင်း တွေ့ရှိခဲ့ကြသည်။

သူတို့၏ လေ့လာစမ်းသပ်မှုအရ ပိုင်ရူဗိတ် ကာဘောက်ဆလေ့စ်ဆိုသော အင်ဇိုင်းတစ်မျိုးက ဆဲလ်များကို ဂလူတာမင်း ကျဆင်းနေချိန်မှာပင် ကွဲနိုင်အောင် အားပေးနေသည်ကို တွေ့ခဲ့ရသည်။ ထိုအင်ဇိုင်း အလုပ်လုပ်ရန်ဆိုလျှင် ဗီတာမင် ဘီ–၇ နှင့် ချိတ်ဆက်ရသည်။ ဗီတာမင် ဘီ–၇ မရှိလျှင် အင်ဇိုင်းမှာ အသက်မဝင်တော့။ ဆဲလ်ကြီးထွားမှု ရပ်တန့်သွားမည်ဖြစ်သည်။

ယခုတွေ့ရှိမှုမှာ ကင်ဆာဆဲလ်တို့၏ အားနည်းချက်တစ်ခုကို ထပ်တွေ့ခြင်းမျိုးမကဘဲ ဇီဝဖြစ်စဉ်များနှင့် ပတ်သက်၍ လူသားတို့သိရန် များစွာလိုအပ်နေသေးကြောင်း ပြသခဲ့သည်။ သို့သော် ကင်ဆာဆဲလ်တို့၏ အားနည်းချက်များကို ရှေ့ဆက်ဖော်ထုတ်နိုင်ရန် လမ်းကြောင်းပွင့်သွားခြင်းလည်း ဖြစ်သည်။

စမ်းသပ်မှုပြုလုပ်ခဲ့သည့် ဓာတ်ခွဲခန်းကြီးကြပ်သူ ပါမောက္ခ အလက်ဇစ်ဂျော်ဒိန်းက "ဒီသုတေသနက ရေရှည်မှာ ကင်ဆာဆဲလ်တွေရဲ့ ဇီဝဖြစ်စဉ်အားနည်းချက်တွေကို ပိုပြီးလေ့လာနိုင်အောင် လမ်းကြောင်းတွေ ဖွင့်ပေးလိုက်ပါတယ်။ အကျိတ်ဆဲလ်တွေရဲ့ ဇီဝအလိုက်သင့်နေထိုင်နိုင်စွမ်းကြီးမားမှုကို စိန်ခေါ်နိုင်မယ့် ကုသနည်းဗျူဟာအသစ်တွေ ဆန်းသစ်တီထွင်ဖို့ အခွင့်အလမ်းတွေ ရှိလာစေနိုင်ပါလိမ့်မယ်"ဟု သုံးသပ်ခဲ့သည်။

Ref: scitechdaily.com

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ်ကို ကောင်းမွန်မှန်ကန်စွာ ဖြေဆိုနိုင်စေရန် ရည်ရွယ်ပြီး ကြိုတင်လေ့လာကျက်မှတ်လေ့ကျင့်နိုင်ရန် နမူနာမေးခွန်း (၁) စုံကို ဖော်ပြလိုက်ပါတယ်။

ယခင်တစ်ပတ်က ဖော်ပြပါရှိခဲ့သော မေးခွန်းများ၏ အဖြေများ

**Pilot Test (1)**

**Answer:**

**IX. Essay (1)**

**How Students Can Contribute to Protecting the Environment**

The environment is our home, and it is very important to keep it clean and healthy. Students play an important role in protecting the environment because they can learn, take action, and influence others. By contributing to environmental protection, students can help create a better future for themselves and for the generations to come.

One of the simplest ways students can help is by reducing waste. They can avoid using plastic bags and bottles and instead use reusable items. Students can also segregate garbage into recyclable and non-recyclable items and encourage their family and friends to do the same. By doing this, they reduce pollution and help conserve natural resources.

Another way students can contribute is by saving energy and water. They can turn off lights, fans, and electronic devices when not in use. Closing taps properly and using water wisely are also important steps. These small actions, if practiced daily, can make a big difference in conserving resources and reducing the impact on the environment.

Planting trees and taking care of green spaces is also very important. Students can participate in tree-planting programs or grow plants at home and in their school garden. Trees help clean the air, provide shade, and support wildlife. By planting and protecting trees, students can directly contribute to a healthier environment.

Additionally, students can raise awareness about environmental issues. They can organize campaigns, write articles, or give talks in school about topics like climate change, pollution, and recycling. By educating others, students encourage more people to take action for the environment.

Finally, students can choose environmentally friendly habits, such as walking or cycling instead of using vehicles for short distances, reducing the use of harmful chemicals, and supporting eco-friendly products. Every small step counts and creates a positive impact.

In conclusion, students have many opportunities to protect the environment. By reducing waste, saving energy, planting trees, raising awareness, and practicing eco-friendly habits, students can make a significant contribution. If everyone takes responsibility and acts together, we can ensure a cleaner, healthier, and more sustainable world for the future.

**Essay (2)**

**The Importance of Attending Classes Regularly**

Attending classes regularly is very important for every student. Going to school and participating in lessons helps students gain knowledge, develop discipline, and improve their skills. Regular attendance also ensures that students do not miss important topics, which can affect their performance in exams and overall learning.

First, attending classes regularly helps students understand lessons better. Teachers explain topics in detail, give examples, and answer questions in class. If students skip classes, they may miss important explanations and find it difficult to understand the subject later. Regular attendance also allows students to take part in discussions, ask questions, and clarify doubts. This active participation helps students learn faster and more effectively.

Second, going to school regularly helps develop discipline and responsibility. Being punctual and attending classes every day teaches students to manage their time wisely. It also encourages them to complete homework and assignments on time. These habits are not only important for school life but also for future studies and career.

Third, attending classes regularly allows students to build good relationships with teachers and classmates. Working together in group activities, projects, and discussions helps students improve communication and teamwork skills. It also creates a friendly and supportive learning environment, which motivates students to perform better.

Finally, regular attendance improves academic performance. Students who attend classes consistently are more likely to perform well in exams because they have a clear understanding of the lessons. They can revise effectively and complete assignments with confidence. On the other hand, students who miss classes often struggle to catch up and may fall behind their peers.

In conclusion, attending classes regularly is essential for academic success and personal development. It helps students understand lessons, develop discipline, build relationships, and achieve better results. Students should make it a habit to attend all classes and actively participate in learning. By doing so, they will gain knowledge, skills, and experiences that will benefit them throughout their lives.

**Essay (3)**

**How Helping Others Can Make a Difference**

Helping others is one of the most important and meaningful things a person can do. It not only benefits the people who receive help but also brings positive effects to those who give it. Small acts of kindness can create a big difference in families, schools, communities, and society as a whole.

First, helping others can improve people's lives. For example, giving food or clothes to those in need, helping classmates with studies, or supporting friends who are facing problems can make a person's life easier and happier. Even small acts, like sharing knowledge or listening to someone's problems, can make them feel valued and cared for. These actions encourage hope and confidence in others.

Second, helping others can build strong relationships. When we offer support, people trust and respect us. Friendship and teamwork grow when we show concern for others. In schools, students who help each other learn better together, and teachers feel proud when students support classmates in need. In the community, neighbors who help one another create a friendly and safe environment.

Third, helping others has positive effects on ourselves. Acts of kindness make us feel happy and satisfied. Studies show that helping others can reduce stress, improve mental health, and increase self-confidence. It also teaches important values such as empathy, responsibility, and patience. By helping others, we grow as better and more caring individuals.

Finally, helping others can create a chain of kindness. When someone experiences help, they are often inspired to help others in return. This can spread good deeds across families, schools, and communities, creating a positive impact on society. Small efforts by each person can eventually lead to big changes and a better world.

In conclusion, helping others is more than just an act of kindness; it is a way to make a real difference. It improves lives, builds relationships, benefits ourselves, and inspires more acts of kindness. Everyone can contribute, no matter how small, and together we can create a caring and supportive society.

********************

**MATRICULATION EXAMINATION**

**ENGLISH　　PILOT TEST (2)　　Time Allowed; (3) Hours**

**WRITE YOUR ANSWER IN THE ANSWER BOOKLET. ANSWER ALL QUESTIONS.**

**I. Complete the sentences with the appropriate words. The initial letters are given. (10 marks)**

(1) C__________ study long-term weather patterns to understand climate change.
(2) Meditation can help people improve their awareness and c__________.
(3) She felt d__________ by the amount of trash left in the public park.
(4) His friendly p__________ makes it easy for him to work with others.
(5) A good teacher can be a strong m__________ for students to achieve their goals.
(6) P__________ is important in the workplace because it shows responsibility.
(7) Sleep d__________ can reduce concentration and affect overall health.
(8) The team made a p_________ decision to focus on quality rather than speed.
(9) Children may suffer from n__________ problems if they do not eat balanced meals.
(10) The company is o___________ its rivals in customer satisfaction.

**II. Choose the appropriate words or phrases to complete the sentence. (10 marks)**

(1) Not having chance to do what people want, they may not tolerate their -------- problem.
**A. physical　B. emotional　C. mental**
(2) The bright sunshine makes the tar on the road -------- in summer.
**A. melt　B. absorb　C. dissolve**
(3) While studying in class, students must concentrate -------- the subject.
**A. at　B. in　C. on**
(4) Mother -------- her child at 3:30 p.m. on weekdays.
**A. picks up　B. puts up　C. turns up**
(5) Foods -------- in some way are inadvisable.
**A. processor　B. process　C. processed**
(6) It is at 12 o' clock -------- we have our lunch in the office.
**A. where　B. when　C. why**
(7) Libraries are wonderful places where we can ----- knowledge.
**A. inquire　B. require　C. acquire**
(8) We left early -------- we could avoid traffic jams.
**A. in order that　B. in order to　C. so as to**
(9) Calcium is an important -------- for strong bones and teeth.
**A. nutrition　B. nutrient　C. nutritious**
(10) Some students passed the exam -------- not studying much.
**A. despite　B. due to　C. by means of**

စာမျက်နှာ ၂၃ သို့ ☆

☆ စာမျက်နှာ ၂၂ မှ

**III. Rewrite the sentence according to the instructions given in brackets. (10 marks)**

(1) The festival attracts tourists from around the world. The festival attracts local artisans showcasing their crafts. (**Join the sentences, using 'both ... and'.**)

(2) The smartphone design is more like a fashion accessory than a technological device. (**Join the sentences, using 'as ... as / 'not as ... as'.**)

(3) He said, "I will finish the report tomorrow and send it to the manager immediately." (**Change the sentence into the reported speech.**)

(4) He read the instructions thoroughly. He completed the task without making mistakes. (**Join the sentences, beginning with 'After'.**)

(5) The deadlines are tight, and the tasks are demanding. The team manages to complete all assignments on time. (**Join the sentences, using 'No matter ...'.**)

(6) This is the place. The company was founded here ten years ago. (**Join the sentences, using an appropriate pronoun / relative adverb.**)

(7) The photograph of the waterfall is so vivid. I feel the water is about to splash out. (**Join the sentences, using 'as if'.**)

(8) I am not an inventor. I want to develop solutions to reduce pollution. (**Use the zero / first / second / third conditional.**)

(9) The theories that scientists develop over decades often change our understanding of the universe. **(Omit the relative pronoun.)**

(10) By the time the conference started, all the participants __________ (already / arrive). (**Use the correct tense of the verb in brackets.**)

**IV. (A) Write the appropriate words or phrases to complete the lines of verses. (5 marks)**

1. Everything that books can bring
   You'll find inside __________.
2. In health of body, __________,
   Quiet by day,
3. And looked down one as far as I could
   To where __________ in the undergrowth;
4. __________ when the fires are out,
   Why does he gallop and gallop about?
5. Oh, I kept the first __________!
   Yet knowing how way leads on to way,

**(B) Answer the questions in complete sentence. (5 marks)**

6. What does polluted water include?
7. What are six kinds of nutrients that foods carry?
8. Why is a red-letter day an important, or special day?
9. Give two good manners that are usually practised in our society?
10. What do these lines mean?
    **"Whose herds with milk, whose fields with bread,**
    **Whose flocks supply him with attire;"**

**V. Read the passage.**

Nutrition is closely related to the environment. If national institutions and local communities fail to protect the environments around them, their hopes of thriving in the long run will be dashed. Also, the human world will suffer from food insecurity. Forests bring many benefits to the human world. Being a haven of biodiversity, forests are an excellent source of foods such as mushrooms, bamboo shoots, nuts, berries, leaves, and tubers.

Deforestation will lead to loss of nutrition for many local communities. The root cause of environmental damage is pollution. Air, water and soil pollutants are causing adverse effects on plants, animals and humans as well.

Moreover, environmental damage and loss of biodiversity adversely affect diet, nutritional value and health. Thanks to recent research on nutrition, we come to know that environmental deterioration can cause nutrition - related health problems such as malnutrition and infectious diseases. In conclusion, diet and nutrition are the very basic life - sustaining forces of all living things and the keystones of good health. In addition, they must be taken into consideration in the environmental context. A nutritious diet, which is necessary for the survival and healthy development of human beings, also depends on the environmental policies of the government.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) The relationship between nutrition and our environment is very --------.

(2) The thriving hopes of human will be dashed by the ---------- in protecting the environment.

(3) The more we protect our environment, the less ---- ------ we will suffer from.

(4) Deforestation can make biodiversity and nutrition ----------.

(5) Nutrition - related health problems are caused by ----------.

**(B) Answer each question in one sentence. (5 marks)**

(6) Why can we say that forests bring many benefits to the human world?

(7) What adversely affect plants, animals and humans?

(8) What are nutrition - related health problems?

(9) How are diet and nutrition regarded?

(10) Why is a nutritious diet essential for human beings?

**VI. Read the passage.**

Although it may seem that people are working more, studies show that we have more leisure time than ever before. Yet researchers are reporting higher levels of both stress and obesity. These reports appear to be a sign that we are not using **leisure** time to our best advantage. Health experts agree that the best way to restore body and mind is to spend time in nature pursuing a comfortable level of physical exercise. Spending time in natural surroundings is especially crucial now. Recent studies show that **intellectual** function weakens as a result of the energy expended simply sorting out the overwhelming stimuli of city life. Tests demonstrate that people suffer decreases in attention **span,** memory, and problem - solving ability after taking a short walk on a busy city street or merely seeing pictures of city life. Tests also show that time spent in the city results in a decreased ability to concentrate and to control emotions and **impulses.** Unfortunately, as society becomes more centred on city life, we have to **rejuvenate** ourselves in nature deliberately rather than as a matter of course.

**(A) Find the bold - faced words in the passage that are similar in meaning in the following. (5 marks)**

(1) a wish or urge, particularly a sudden one prompting action (1) ------------

(2) time free form work or duties (2) ------------

(3) to refresh, restore (3) ------------

(4) a small space or a brief portion of time (4) ------------

(5) having the power of understanding and capacity for the higher forms of knowledge or thought (5)-------------

**(B) Answer the following questions. Give completely answers. (10 marks)**

(6) What do studies show although people are working more?

(7) When are levels of both stress and obesity higher?

(8) What is the best way to restore body and mind according to health experts?

(9) Why do recent studies show that intellectual function weakens?

(10) How do people suffer decreases in attention span, memory, and problem - solving ability?

**VII. (A) Complete the dialogue with the expressions given in the box. There is an extra. (5 marks)**

**What a surprise!**
**How can e-waste be harmful to our life?**
**What should I do?**
**it will be recycled**
**There is also an alternative**
**to relax before it gets worse**

Kaung Htet: Toxic waste! _____(1)_____

Khant Hpone: These electronic things contain deadly chemicals like mercury, lead and arsenic.
As you've learnt in science lessons, combustion of e-waste emits gases which can damage our central nervous system and kidneys. _____(2)_____ Even lower levels of lead can damage a child's mental development.

Kaung Htet: Oh, I see. They're really harmful to us. But our apartment is quite small and I have no space to keep these old gadgets.
_____(3)_____

Khant Hpone: If I were you, I would give them to other people who were in need. I usually post my e-waste on the website like 'Freecycle'.
In this way, I can give my old one to a person in need. _______(4)_______

Kaung Htet: Interesting. What's that?

Khant Hpone: You can send it to a certified e-waste recycler. Then _____(5)_____ in a safe and responsible way.

**VII. (B) Complete the exchange using the expressions given in the box. There is an extra. (5 marks)**

**I usually read before bed**
**plant more trees**
**What's your favorite hobby**
**It depends on the weather**
**Why don't you ask your teacher?**
**What do you like about your school**

6. A: Do you prefer staying indoors or going out on weekends?
   B: __________; sometimes I enjoy relaxing at home, sometimes going out.
7. A: __________, and why?
   B: I love painting because it helps me express my feelings.
8. A: __________
   B: I really like the teachers and the friendly students.
9. A: How do you relax after a long day?
   B: __________; it helps me fall asleep easily.
10. A: What can people do to make their town greener?
    B: They can recycle more and ___________.

**VIII. Choose a situation given below and write a letter. Do not write more than 300 words. (10 marks)**

You are Hnin Hnin and you live at No. 85, Pagoda Road, Taungoo. Write a letter to your friend, Kyi Pyar, explaining to your friend why discipline is important for success.

**(OR)**

You are Lwin Lwin Moe and you live at No. 11, Sebin Road, Myawaddy Ward, Tatkon. Write a letter to your cousin, Myo Tun, advising him how to make a good study plan and to attend classes regularly.

**IX. Write an essay of three paragraphs on ONE of the following. Do not write more than 500 words. (15 marks)**

The Role of Technology in Modern Education

**(OR)**

How Patience and Perseverance Lead to Success

**(OR)**

How Traveling Can Broaden a Young Person's Mind

************************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် လျှပ်စစ်ဥပဒေပုဒ်မ ၇၂ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ယင်းဥပဒေပုဒ်မ ၄၁ နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လျှပ်စစ်ဓာတ်အားခနှုန်းထားများကို အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၂၆)ဖြင့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။

၂။ သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas – LNG)သုံး ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို တိုက်ရိုက်လိုင်းဖြင့် ဓာတ်အားပေးနိုင်သည့် စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်များအတွင်းရှိ အိမ်သုံးမဟုတ်သည့်နှုန်းထားဖြင့် ကောက်ခံနေသော လျှပ်စစ်ဓာတ်အားသုံးစွဲသူများထံ ဓာတ်အားလိုင်းနှင့် ဓာတ်အားစနစ်ပြတ်တောက်မှု (Line Fault and System Breakdown) မှအပ ဓာတ်အားဖြတ်တောက်မှု (Load Shed) မပြုလုပ်ဘဲ ၂၄ နာရီ သီးခြားဓာတ်အားပေးမည်ဖြစ်ပြီး အဆိုပါဓာတ်အားအတွက် ပုံသေဓာတ်အားခနှုန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ကောက်ခံသွားမည်ဖြစ်ကြောင်း သတ်မှတ်လိုက်သည်။

၃။ စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များ၏ ပြင်ပတွင်ရှိသော စက်မှု/စီးပွားရေးလုပ်ငန်းများက အထက်အပိုဒ်(၂)ပါအတိုင်း ပုံသေဓာတ်အားခနှုန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ပေးဆောင်၍ လျှပ်စစ်ဓာတ်အားကို ၂၄ နာရီ ရယူလိုကြောင်း ဌာနသို့ တင်ပြလာပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၄။ သို့ရာတွင် လက်ရှိဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်ပေးနိုင်မှုနှင့် ဓာတ်အားလိုင်းများမှ ဓာတ်အားသယ်ဆောင်နိုင်နင်းမှုအပေါ်မူတည်၍ ပုံမှန်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသော အများပြည်သူနှင့် စက်မှု/စီးပွားရေးလုပ်ငန်းများကို လက်ရှိကောက်ခံလျက်ရှိသော ဓာတ်အားခနှုန်း (အိမ်သုံးအမျိုးအစားနှင့် အိမ်သုံးမဟုတ်သည့်အမျိုးအစားနှစ်ရပ်၏ အလွှာအလိုက်သတ်မှတ်နှုန်း)ဖြင့် ပြင်ဆင်ပြောင်းလဲမှုမရှိဘဲ ဆက်လက်ကောက်ခံသွားမည်ဖြစ်ပါသည်။

၅။ ဓာတ်အားသုံးစွဲသူအမျိုးအစားအလိုက် ကောက်ခံမည့်ဓာတ်အားခနှုန်းထားသတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ဓာတ်အားသုံးစွဲသူအမျိုးအစား | ဓာတ်အားခနှုန်းထား | |
|---|---|---|---|
| | | သုံးစွဲယူနစ်အလွှာ | ကျပ် |
| (က) | **အိမ်သုံးအမျိုးအစား** | | |
| | [နေအိမ်သုံး၊ အိမ်သုံးပါဝါ၊ တစ်လုံးတစ်ခဲတည်း(အိမ်သုံး)၊ စီးပွားရေးလုပ်ငန်းမပါသော ဘာသာ/ သာသနာအဆောက်အအုံ] **မှတ်ချက်။ လက်ရှိကောက်ခံနေသော နှုန်းထားအတိုင်း ပြောင်းလဲမှု မရှိပါ။** | ၁ မှ ၅၀ ယူနစ်အထိ | ၅၀ |
| | | ၅၁ မှ ၁၀၀ ယူနစ်အထိ | ၁၀၀ |
| | | ၁၀၁ မှ ၂၀၀ ယူနစ်အထိ | ၁၅၀ |
